ကြေးမုံ The Mirror

၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်၊ အင်္ဂါနေ့၊ (21-11-2006) (၅၁၃၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ယခုရရှိထားသော အခြေအနေကောင်းများကို အောင်မြင်ပြီးမြောက်သည်အထိ ဆက်လက်ထိန်းသိမ်းရေး၊ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရေး အမြဲဂရုပြု

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အစည်းအဝေး (၁၇/၂၀၀၆)တွင် **အမှာစကားပြောကြားစဉ်။** (အပေါ်ပုံ) (သတင်းစဉ်)

ယခုအခါ ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့နှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ (၈)ဖွဲ့တို့က အကြံပြုချက် စာတမ်းများကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့တင်ပြထား။ ထို့ကြောင့် အဆိုပါအခန်း (၃)ခန်းနှင့်စပ်လျဉ်းသည့် ကိုယ်စားလှယ်အစုအဖွဲ့ (၈)ဖွဲ့တို့က ယင်းတို့၏ အကြံပြုတင်ပြချက် စာတမ်းများကို ဖတ်ကြားတင်ပြနိုင်ရန်အတွက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများကို မကြာမီအချိန်အတွင်း ကျင်းပဆောင်ရွက်သွားမည်။

ရန်ကုန် နိုဝင်ဘာ ၂၀

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အစည်းအဝေး (၁၇/၂၀၀၆)ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာရှိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ အစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော တရားသူကြီးချုပ် ဦးအောင်တိုးနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင်အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက် သည်။

အမှာစကားပြောကြား

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် ယခု ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ကျန်အခန်းခေါင်းစဉ် ခုနစ်ခန်းဖြစ်သော **စာမျက်နှာ ၈ ကော်လံ ၁ သို့** *

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၁–၁၁–၂၀၀၆
(အင်္ဂါနေ့)

မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများဖော်ထုတ် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်

မြန်မာ့တိုင်းရင်းဆေးပညာသည် တော်ဝင်ဆေးပညာတစ်ရပ်ဖြစ်ပြီး ခေတ်အဆက်ဆက်တွင် အာနိသင်အစွမ်းထက်မြက်သော ဆေးဝါးအဖုံဖုံ၊ ကုထုံးအသွယ်သွယ်တို့ဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့သည်။ အထူးသဖြင့် မြန်မာ့ကျေးလက်ဒေသများတွင် တိုင်းရင်းဆေးဝါးများကို အစဉ်တစိုက် ယုံကြည်အားထား သုံးစွဲလာခဲ့ကြသည်။

နိုင်ငံတော်က ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်မြင့်မားလာရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် မြန်မာ့တိုင်းရင်းဆေးနှင့် တိုင်းရင်းဆေးပညာရှင်များ၏ကဏ္ဍသည် အထူးအရေးပါလျက်ရှိသည်။ ထို့ကြောင့် တိုင်းရင်းဆေးတက္ကသိုလ် တည်ထောင်၍ ဆေးပညာရှင်များမွေးထုတ်ပေးခြင်း၊ အစွမ်းထက်မြက်သော တိုင်းရင်းဆေးများ ထုတ်လုပ်နိုင်ရေး သုတေသနပြုခြင်း၊ ပရဆေးဥယျာဉ် ထူထောင်ပြီး ဆေးဖက်ဝင်ပရဆေးပင်များ ထိန်းသိမ်းစိုက်ပျိုးခြင်းတို့ကို အားပေးမြှင့်တင်လျက်ရှိသည်။

တိုင်းရင်းဆေးရုံ၊ ဆေးပေးခန်းများကို မြို့ကြီးများနှင့် မြို့နယ်အချို့တွင် ဖွင့်လှစ်၍ ပြည်သူများအား ဆေးဝါးကုသပေးလျက်ရှိသည်။ အလားတူ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံများကို နှစ်စဉ်ကျင်းပ၍ ဆေးပညာရပ်ဆိုင်ရာများ နှီးနှောဖလှယ်လျက်ရှိသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် အလွန်ကျယ်ဝန်းနက်ရှိုင်းပြီး သိမ်မွေ့နက်နဲလှသည့်အတွက် ရှိရင်းစွဲစွမ်းအင်သတ္တိနှင့် ဂုဏ်အင်္ဂါများ တိမ်းပါးပျောက်ကွယ်မသွားစေရေး ထိန်းသိမ်းမြှင့်တင်ကြရမည်ဖြစ်သကဲ့သို့ အစွမ်းထက်မြက်သော ဆေးဝါးများကို နိုင်ငံတကာအဆင့်မီ သုတေသနပြုထုတ်လုပ်သွားနိုင်ရေးအတွက်လည်း မျက်ခြည်မပြတ် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် မြန်မာ့တိုင်းရင်းဆေး အဆင့်အတန်းမြင့်မားစေရေးအတွက် နိုင်ငံတော်က အဘက်ဘက်မှ အားပေးမြှင့်တင်ပေးလျက်ရှိရာ မြန်မာ့တိုင်းရင်းဆေးပညာရှင်များအနေဖြင့် အာနိသင်ထက်မြက်သည့် ဆေးစွမ်းကောင်းများဖော်ထုတ်ခြင်း၊ စံချိန်စံညွှန်းမီဆေးဝါးများ ထုတ်လုပ်ခြင်း၊ တိုင်းရင်းဆေးသမားတော်များ ညီညီညွတ်ညွတ် ညှိနှိုင်းဆောင်ရွက်ကြခြင်းဖြင့် ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် တိုးမြှင့်စောင့်ရှောက်ပေးသွားနိုင်ကြမည် ဖြစ်ပါသည်။ ။

ပေးအပ်လှူဒါန်း

ကွယ်လွန်သူ နှစ်ဖက်သော မိဘများအား ရည်စူး၍ မိခင်ကြီးအား အမှူးထားပြီး ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း ဇေတိကလမ်းနေ ဦးစိန်အောင်–ဒေါ်မာမာဝင်း၊ သား ဒေါက်တာဇော်မင်းဦး၊ သမီး ဥမ္မာအောင်၊ သား မောင်သက်ကိုကိုအောင် မိသားစုနှင့် မြေးများက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် နှစ်သိန်းကို တိပိဋကရေ ဆရာတော် ဘဒ္ဒန္တ ကုန္ဒာစရိယထံမှ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ–နိ (ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မေတ္တာစမ်းရေ မဂ္ဂဇင်းကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ထုတ်ဝေမည့် မေတ္တာစမ်းရေမဂ္ဂဇင်း အတွဲ(၁) အမှတ်(၆)အတွက် ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက် ညနေ ၃ နာရီတွင် တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စာရေးဆရာကြီးများ ဖြစ်ကြသည့် ဦးမျိုးသန့်(မောင်ဆုရှင်)၊ ဒေါ်စောမုံညင်း၊ ဒေါ်ခိုင်ယဉ်မွန်တို့ တက်ရောက်ကြ၍ မေတ္တာစမ်းရေမဂ္ဂဇင်း အတွဲ(၁) အမှတ်(၆)ကို ၂၀၀၇ခုနှစ် ဧပြီလကုန်တွင် ထုတ်ဝေနိုင်ရန် စာမူရှင်များအနေဖြင့် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးမှာကြား

နေပြည်တော် နိုဝင်ဘာ ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ဇေယျာဝတီတိုင်း ဟသ်ာတစက်မှုဇုန်သို့ ရောက်ရှိပြီး စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာ၌ စက်မှုကဏ္ဍသည် အထူးအရေးပါကြောင်း၊ ဟသ်ာတစက်မှုဇုန်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုအခန်းကဏ္ဍတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန်နှင့် စက်မှုဇုန် အမြန် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။ ထို့နောက် စက်မှုဇုန်အတွင်း လမ်းများဖောက်လုပ်ပြီးစီးမှု၊ လျှပ်စစ်မီးသွယ်တန်းပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ဝန်ကြီးသည်ဟသ်ာတမြို့နယ် ဒူးယားတိုက်နယ်သို့ ရောက်ရှိပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တောင်သူလယ်သမားများအား တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးသည်။

ထိုမှတစ်ဆင့် ဇလွန်မြို့နယ် ခနဘေးရွာနှင့် သက်ကယ်ကျွန်းရွာအကြား အရှည် ၅ မိုင် ၆ ဖာလုံရှိ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းမည့် လမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၏ တင်ပြချက်အပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ဟသ်ာတမြို့နယ် ဒူးယားတိုက်နယ်၌ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များနှင့် တောင်သူလယ်သမားများအား ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။

(သမဝါယမ)

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့ နာယက ဦးမောင်မောင်ကြီး (၇) – ဒေါ်ခင်မြင့်မြင့် မိသားစု (ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်)က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် အသစ်ဆောက်လုပ်မည့် တိုးချဲ့ဆေးရုံ အဆောက်အအုံသစ်အတွက် အလှူငွေ ကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံရယူစဉ်။

(က–ပ)

တန့်ကြည့်တောင် ဝိပဿနာရိပ်သာ(ပုဂံ) အဓိဋ္ဌာန်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၀

အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင် ဆရာတော်ကြီးသည် ဣသိပညဒေဝဂုရု တန့်ကြည့်တောင် ဝိပဿနာရိပ်သာ(ပုဂံ)၌ ခုနစ်ရက် အဓိဋ္ဌာန်တရားပွဲ သုံးပတ်ဖွင့်လှစ်မည်ဖြစ်ရာ ပထမပတ်အဖြစ် ဒီဇင်ဘာ ၁ ရက်မှ ၈ ရက်အထိလည်းကောင်း၊ ဒုတိယပတ်အဖြစ် ဒီဇင်ဘာ ၉ ရက်မှ ၁၆ ရက်အထိလည်းကောင်း၊ တတိယပတ်အဖြစ် ဒီဇင်ဘာ ၁၇ ရက်မှ ၂၄ ရက်အထိလည်းကောင်း ဟောကြားပြသမည်ဖြစ်သည်။ အဓိဋ္ဌာန်ဝင်အားထုတ်လိုသူများသည် အဓိဋ္ဌာန်ပွဲ မစမီ တစ်ရက်ကြိုတင် ရောက်ရှိရမည်ဖြစ်ပြီး ဖုန်း ဝ၉၈ဝ၅၁၅ဝ၉၇၈(ပုဂံ)၊ ဝ၂–၅၄၆၄၅(မန္တလေး)၊ ဝ၁–၆၃၈ဝ၈၈ (ရန်ကုန်)တို့သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာ ရိပ်သာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီ ၃၂–၃၄၊ ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ်သို့ အဖ ဦးသာလွင်၊ အမိ ဒေါ်ထားရှင်တို့အားရည်စူး၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ်(၆)လမ်းနေ ဦးဝင်းရှိန်နှင့် မောင်နှမ မိသားစုများက ငွေကျပ် ၂၀၀၀၀၀ လှူဒါန်းရာ အတွင်းရေးမှူး ဦးမြင့်ဆွေ လက်ခံယူစဉ်။

(က–ပ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း "အမိကောင်းကင် ကြယ်စင်မောင်နှမ" ဗီဒီယိုဇာတ်ကားတွင် မေတ္တာဖြင့် အနုပညာအကူအညီပေးခဲ့ကြသည့် အနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် နိုဝင်ဘာ ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) ဂုဏ်ပြုဇာတ်လမ်းဖြစ်သော "အမိကောင်းကင် ကြယ်စင်မောင်နှမ" ဗီဒီယိုဇာတ်ကားတွင် မေတ္တာဖြင့် အနုပညာအကူအညီ ပေးခဲ့ကြသည့် ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတအနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲအခမ်းအနားကို ယမန်နေ့ ည ၆နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော် ဥတ္တရဆောင်၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ တာဝန်ရှိသူများ၊ **"အမိကောင်းကင် ကြယ်စင်မောင်နှမ"** ဗီဒီယိုဇာတ်ကားတွင် မေတ္တာဖြင့် အနုပညာအကူအညီ ပေးခဲ့ကြသည့် ရုပ်ရှင်၊ ဂီတ၊ ဗီဒီယို တို့မှ အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုအမှာစကားပြောကြား

ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆) ဂုဏ်ပြုဇာတ်လမ်းဖြစ်သော "အမိကောင်းကင် ကြယ်စင်မောင်နှမ" ဗီဒီယိုဇာတ်ကားတွင် မေတ္တာဖြင့် အနုပညာ အကူအညီ ပေးခဲ့ကြသည့် ရုပ်ရှင်၊ ဗီဒီယိုနှင့် ဂီတအနုပညာရှင်၊ အတတ်ပညာရှင် များအား ဂုဏ်ပြုညစာစားပွဲ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် သရုပ်ဆောင် အကယ်ဒမီဒွေးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် **"အမိကောင်းကင် ကြယ်စင်မောင်နှမ"** ဇာတ်ကားကို အနုပညာရသမြောက်စွာဖြင့် ပြည်သူများထံ တင်ပြနိုင်ခဲ့ကြောင်း၊ ပြည်သူလူထုများက နှစ်သက်လက်ခံကြသည်ကိုလည်း သိရှိရပါကြောင်း၊ ယခုကဲ့သို့ ကြည့်သူများက နှစ်သက်သဘောကျလက်ခံအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ကဏ္ဍအသီးသီးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ဇာတ်ညွှန်း၊ ဒါရိုက်တာ၊ သရုပ်ဆောင်များ၊ စက်မှုပိုင်းဆိုင်ရာများအားလုံးနှင့် ဂီတဝန်ဆောင်မှုပေးခဲ့သော ဂီတပညာရှင်များ၊ အသံ၊ တည်းဖြတ်၊ ထုတ်လုပ်ကြသူများအားလုံးတို့၏ ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်မှုကြောင့်ပင် ဖြစ်ကြောင်း။

အသိအမှတ်ပြု

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းကလည်း **"အမိကောင်းကင် ကြယ်စင်မောင်နှမ"** ဇာတ်ကားတွင် ပါဝင်ခဲ့ကြသည့် အားလုံးသော အနုပညာရှင်များအား ကျေးဇူးတင်ကြောင်းနှင့် အသိအမှတ်ပြုကြောင်းကို ပြောကြားပေးရန် မိမိအား မှာကြားခဲ့ကြောင်း၊ ယခုဇာတ်ကားကို ရိုက်ကူးရာတွင် အချိန်ကာလ နှစ်လခန့်သာ ကြာမြင့်ခဲ့ပြီး နှစ်လခန့်အတွင်း အနုပညာရှင်များသည် မိမိတို့၏ တန်ဖိုးရှိသော အချိန်များကိုပေးပြီး စိတ်ရောကိုယ်ပါ အားလုံး မညည်းမညူ ကူညီခဲ့သည်ကို တွေ့ရကြောင်း။

အလားတူ ယင်းဇာတ်ကားကို ရိုက်ကူးရာတွင်လည်း ပြည်နယ်နှင့်တိုင်းအားလုံးနီးပါးသို့ သွားရောက်ရိုက်ကူးခဲ့ရသဖြင့် သွားလာနေထိုင်စားသောက်ရေးတွင် ပင်ပန်းမှုများ ကြုံတွေ့ခဲ့ရပြီး သရုပ်ဆောင်ရာတွင်လည်းကောင်း၊ အသံပိုင်းတွင်လည်းကောင်း၊ ဇာတ်လမ်းဇာတ်ကွက်ပီပြင်အောင် အခါခါ ပြန်လည်ဆောင်ရွက်ခဲ့ရသည်များရှိကြောင်း၊ ယင်းကိစ္စများတွင် စိတ်ရှည်သည်းခံပြီး စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့၍လည်း ကျေးဇူးတင် မှတ်တမ်းတင်ပါကြောင်းဖြင့် ပြောကြားလိုကြောင်း၊ အလားတူ ဇာတ်ကားရိုက်ကူးရာတွင် သွားရောက်သော ပြည်နယ်၊တိုင်းအသီးသီးမှ တာဝန်ရှိသောပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက အစစအရာရာ အဆင်ပြေအောင် ဝိုင်းဝန်းပံ့ပိုးကူညီခဲ့ကြကြောင်း၊ ထို့အတူ ဆင်ဆာအဖွဲ့၊ ရုပ်ရှင်အစည်းအရုံး၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ဂီတအစည်းအရုံးနှင့် ဗီဒီယိုဖြန့်ချိရေး စသည်တို့မှ ပုဂ္ဂိုလ်များကလည်း ဝိုင်းဝန်းကူညီပေးခဲ့ကြသည့်အတွက် ယခုကဲ့သို့ အနှစ်သာရပြည့်ဝသော ဇာတ်ကားကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ပြည်သူများထံ တင်ဆက်နိုင်ခဲ့ကြောင်း၊ ဤဇာတ်ကားတွင် ပါဝင်ဆက်စပ်ကူညီပေးခဲ့ကြသူများ၏ စေတနာနှင့် အသိစိတ်ရှိရှိ ပူးပေါင်းပါဝင်ကူညီခဲ့ကြသူများအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေနှင့် အထူးကျေးဇူးတင်ရှိကြောင်းနှင့် မှတ်တမ်းတင်ပါကြောင်း။

ဆက်လက်ပံ့ပိုးကူညီ

တစ်ဆက်တည်း မေတ္တာရပ်ခံပြောကြားလိုသည်မှာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေးအသင်းဖြစ်သည်နှင့်အညီ အမျိုးသား အကျိုးစီးပွားကို တစိုက်မတ်မတ် ဆောက်ရွက်လျက်ရှိကြောင်း၊ အမျိုးသား အကျိုးစီးပွားကို တစိုက်မတ်မတ်ဆောက်ရွက်လျက်ရှိရာတွင် ယခုကဲ့သို့ ရုပ်ရှင်ဇာတ်ကား၊ ဆောင်းပါး၊ ဝတ္ထု၊ သီချင်း စသည်များဖြင့် အသင်းကြီး၏ ရည်ရွယ်ချက်၊ အနှစ်သာရ ဆောင်ရွက်မှုများကို ပြည်သူများသိရှိအောင် တစိုက်မတ်မတ်ဆောက်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်သည့် အခါတိုင်း အခါတိုင်းတွင် တက်ရောက်လာကြသည့် ရုပ်ရှင်ပညာရှင်များ၊ ရုပ်ရှင် လောကသားများအားလုံး၊ စက်မှုပညာရှင်များအားလုံး၊ ရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံးနှင့် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှပုဂ္ဂိုလ်များအားလုံးက ယခုကူညီသကဲ့သို့ ဆက်လက်ပံ့ပိုး ကူညီပေးကြပါဟု မေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ဒါရိုက်တာအကယ်ဒမီ စင်ရော်မောင်မောင်၊ ဇာတ်ညွှန်း အကယ်ဒမီငြိမ်းမင်း၊ သရုပ်ဆောင် အကယ်ဒမီ ညွှန့်ဝင်းနှင့် အကယ်ဒမီ ဒွေးတို့အားလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက သရုပ်ဆောင်အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ အကယ်ဒမီနေအောင်၊ အကယ်ဒမီထွန်းထွန်းဝင်း၊ အကယ်ဒမီလူမင်း၊ အကယ်ဒမီ နွဲ့နွဲ့မူ၊ နေထက်လင်း၊ သက်မွန်မြင့်နှင့် နေတိုးတို့အား လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက သရုပ်ဆောင်များဖြစ်ကြသော ထွန်းထွန်း၊ သင်ဇာဝင့်ကျော်၊ အိအိစိုး၊ သန္တာစုလှိုင်၊ ခင်စပယ်ဦး၊ စတူဒီယိုမှ ဦးဝဏ္ဏတင်စိုးနှင့် ရွှေကျားတည်းဖြတ်နှင့် စိန်ဒွေး တည်းဖြတ်မှ ဦးလှဘုန်းတို့အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆) ဂုဏ်ပြုဇာတ်လမ်းဖြစ်သော **"အမိကောင်းကင် ကြယ်စင်မောင်နှမ"** ဗီဒီယို ဇာတ်ကားတွင် ပါဝင်ကူညီခဲ့ကြသည့် ရုပ်ရှင်၊ ဗီဒီယို အနုပညာရှင်၊ အတတ်ပညာရှင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို စင်ရော်ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးမှ မန်နေဂျာ ဦးမြင့်သိန်းအားလည်းကောင်း၊ ဂီတအနုပညာရှင်တေးရေး၊ တေးဆိုများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ဦးမြင့်မိုးအောင်အားလည်းကောင်း၊ ဧည့်ခံဖျော်ဖြေပေးသော ကရဝိက်နန်းတော်မှ မြန်မာဆိုင်းဝိုင်းအတွက် ဂုဏ်ပြုဆုငွေကို မြန်မာဆိုင်းဝိုင်းအဖွဲ့ ခေါင်းဆောင်အားလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရုပ်ရှင်၊ ဗီဒီယို၊ ဂီတအနုပညာရှင်၊ အတတ်ပညာရှင်များ ကိုယ်စား **"အမိကောင်းကင် ကြယ်စင်မောင်နှမ"** ဗီဒီယိုဇာတ်ကားကို ရိုက်ကူးသူ ဒါရိုက်တာ အကယ်ဒမီစင်ရော်မောင်မောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သရုပ်ဆောင် အကယ်ဒမီ အိန္ဒြာကျော်ဇင်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ် ချီးမြှင့်စဉ်။ (သတင်းစဉ်)

စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၀

စာပေဗိမာန် စာအုပ်အသင်းက ၂၀၀၃ခုနှစ် စာပေဗိမာန်စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေပထမဆုရ သျှင်ထွေးယဉ်(မနုဿ)၏ **"မေယုတောင်စွယ်ကြားမှ သွေးချင်းမောင်မယ်များ"** စာအုပ်ကို စာအုပ်အသင်း၏ (၂၇)အုပ်မြောက် စာအုပ်အဖြစ် ရန်ကုန်နှင့် နယ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် ထုတ်ယူနိုင်ပြီး နယ်အသင်းဝင်များသို့ ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ် အသင်းဝင်လိုလျှင် အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အရောင်းဌာန ဖုန်း-၃၈၁၄၄၈၊၂၄၉၀၃၁၊အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)



ဟနွိုင်းမြို့၌ ကျင်းပသော အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အေပက်) ထိပ်သီးဆွေးနွေးပွဲအပြီး နိုဝင်ဘာ ၁၉ ရက်က သတင်းစာရှင်းလင်းပွဲ ပြုလုပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ကုန်သွယ်ရေး ဆွေးနွေးပွဲများ ပြန်လည်ကျင်းပရေး အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ တိုက်တွန်း

ဟနွိုင်း နိုဝင်ဘာ ၁၉

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)၏ ကုန်သွယ်ရေးဆွေးနွေးပွဲများ အမြန်ဆုံးပြန်လည်ကျင်းပရန် အာရှနှင့် ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်)၏ အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များက စနေနေ့တွင် ထုတ်ပြန်သော ပူးတွဲကြေညာချက်၌ ဖော်ပြသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများအတွင်း ကုန်သွယ်ရေးသဘောတူညီချက်သစ်တစ်ရပ်ကို သတ်မှတ်အချိန်ဇယားအတိုင်း ရရှိလာစေရေးအတွက် လက်ရှိတွေ့ကြုံနေရသော အခက်အခဲများကို ကျော်လွှားနိုင်စေရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ကျင်းပသည့် အေပက်နှစ်ပတ်လည် ထိပ်သီးညီလာခံအပြီး ထုတ်ပြန်သည့် ပူးတွဲကြေညာချက်၌ ဖော်ပြထားသည်။

ဈေးကွက်ပိုမိုဖွင့်

အေပက်အဖွဲ့ဝင် နိုင်ငံအချို့တွင် လယ်ယာမြေဆိုင်ရာ အမတော်ကြေး ပေးမှုများကို လျှော့ချပေးခြင်းဖြင့် ကမ္ဘာ့ကုန်သွယ်ရေး ဆွေးနွေးပွဲများ၌ သဘောတူညီမှုများ ရရှိလာမည်ဖြစ်ကြောင်း၊ ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံများအတွင်း လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကဏ္ဍ ဈေးကွက်ပိုမိုဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းသင့်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတို့နှင့် ပတ်သက်နေသော ကုန်သွယ်ရေး အတားအဆီးများကို ရှင်းလင်းဖယ်ရှားနိုင်ရန်လည်း လုပ်ဆောင်ကြမည်ဖြစ်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အကြမ်းဖက်မှုနှင့် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှု တားဆီးရေး တူရကီနှင့် အာရှအလယ်ပိုင်းခေါင်းဆောင်များ သဘောတူ

အန်ကာရာ နိုဝင်ဘာ ၁၉

အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ကြရန် တူရကီနိုင်ငံနှင့် တူရကီဘာသာစကားပြော အာရှအလယ်ပိုင်းနိုင်ငံများမှ ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲ၌ သဘောတူလိုက်ကြောင်း ပူးတွဲကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။ တူရကီ၊ ကာဇက်စတန်၊ ကာဂျီစတန်နှင့် အဇာဘိုင်ဂျန်ခေါင်းဆောင်များသည် တူရကီနိုင်ငံ မြေထဲပင်လယ်အပန်းဖြေစခန်းမြို့တည်ရှိရာ အန်တယ်ယာမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် အဆိုပါပူးတွဲကြေညာချက်ကို ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။ ကက်စပီယန်ဒေသမှ ရေနံစိမ်းကို တူရကီနိုင်ငံရှိ ဆေဟန်ပင်လယ်ဆိပ်ကမ်းမြို့သို့ ပိုက်လိုင်းဖြင့် ဆက်သွယ်ပေးပို့နိုင်ရေး ကိစ္စကိုလည်း ယင်းထိပ်သီးဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပန်ကရိယကိရိယာ ဗြိတိသျှသိပ္ပံပညာရှင်များ စမ်းသပ်မည်

လန်ဒန် နိုဝင်ဘာ ၁၉

ကိန်းဘရစ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ၂၀၀၇ ခုနှစ် ဇန်နဝါရီတွင် ဗြိတိန်နိုင်ငံရှိ ဆီးချိုရောဂါသည်ကလေးများကို ပန်ကရိယကိရိယာများဖြင့် စမ်းသပ်ပေးရန် စီစဉ်လျက်ရှိကြောင်း နိုဝင်ဘာ ၇ ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

အဆိုပါ ကိရိယာက သုံးစွဲသူများ၏ သွေးထဲရှိ ဂလူးကို့စ်ဓာတ် အတက်၊ အကျကို အနီးကပ် စောင့်ကြည့်စစ်ဆေးပေးပြီး ထိန်းချုပ်ပေးထားနိုင်မည် ဖြစ်သည်။ ၎င်းအပြင် သွေးစစ်ဆေးမှု အကြိမ်ကြိမ် ပြုလုပ်ရခြင်းနှင့် အင်ဆူလင်ထိုးရခြင်းတို့ကိုလည်း ပြုလုပ်ရန် မလိုတော့ပေ။

ကွန်ပျူတာစနစ်သုံး ဂလူးကို့စ်စိစစ်ရေး ကိရိယာသည် ဆီးချိုရောဂါခံစားနေရသူများအတွက် နေ့စဉ် နေထိုင်သွားလာလှုပ်ရှားမှု ပိုမိုအဆင်ပြေစေနိုင်ကြောင်း၊ ဆီးချိုကြောင့် နောက်ဆက်တွဲဖြစ်လာသည့် ရောဂါဖြစ်ပွားမှုမှလည်း ကာကွယ်ပေးနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ပန်ကရိယအတုတွင် သွေးထဲရှိ ဂလူးကို့စ်ဓာတ် ပမာဏကို လိုအပ်သလို ထိန်းပေးသည့် ကွန်ပျူတာ အစီအစဉ်တစ်ခုနှင့် အင်ဆူလင်ကို ထိန်းပေးသည့် ပန့်တစ်ခုပါဝင်ကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာ ရိုမန်ဟိုဗော်ကာက ပြောကြားသည်။

အင်တာနက်။

ရာမာဒီမြို့တွင် တိုက်ခိုက်မှုဖြစ်ပွား ၃၀ သေဆုံး၊ အိုးအိမ်များပျက်စီး

ရာမာဒီ(အီရတ်) နိုဝင်ဘာ ၁၉

အီရတ်နိုင်ငံရှိ ဆွန်နီပြောက်ကျားများ၏ ခြေကုပ်စခန်းဖြစ်သည့် ရာမာဒီမြို့တွင် တိုက်ခိုက်မှုများ ဖြစ်ပွားသဖြင့် လူ ၃၀ ထက်မနည်း သေဆုံးခဲ့ကြောင်း အီရတ်ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများက စနေနေ့တွင် ပြောကြားသည်။

ပစ်သတ်ခဲ့

အမေရိကန်တပ်ဖွဲ့က သီးခြားနေရာသုံးနေရာတွင် ပြောက်ကျား ၁၁ ဦးကို ပစ်သတ်ခဲ့ကြောင်း၊ အရပ်သားများ သေဆုံးသည့်သတင်း မရရှိကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ပြောကြား

အမေရိကန်တပ်ဖွဲ့ဝင်များသည် ရာမာဒီမြို့ရှိ အယ်လ်ဒူဘက်ရပ်ကွက်တွင် စီးနင်းတိုက်ခိုက်ခဲ့သဖြင့် အိုးအိမ်အများအပြား ပျက်စီးခဲ့ရသည်ဟု အီရတ်ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားသည်။ ယင်းရပ်ကွက်တွင် အလောင်းများကို မြင်ခဲ့ရသည်ဟု ရိုက်တာသတင်းထောက်တစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဒေဝူးအုပ်စုဥက္ကဋ္ဌဟောင်း ထောင်ဒဏ်ချမှတ်ခံရ

ဆိုးလ် နိုဝင်ဘာ ၁၉

တောင်ကိုရီးယားနိုင်ငံရှိ ဒေဝူးအုပ်စု၏ဥက္ကဋ္ဌဟောင်း ကင်ဝူချွန်းသည် စီးပွားရေးမသမာမှုများနှင့် စာရင်းအင်းလိမ်လည်ဖော်ပြမှုတို့အပါအဝင် စွဲချက်ခုနစ်ရပ်အရ ထောင်ဒဏ် ရှစ်နှစ်ခွဲ ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခံရကြောင်း တရားရုံးသတင်းရပ်ကွက်က နိုဝင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။

ဒေဝူးအုပ်စု ပြိုလဲသွားရခြင်းအတွက် ကင်ဝူချွန်းတွင် လုံးဝတာဝန်ရှိသည်ဟု တရားရုံးတော်က ဆုံးဖြတ်သည်။ ကင်သည် စာရင်းများကို လိမ်လည်ဖော်ပြမှု၊ တရားဥပဒေနှင့်မညီညွတ်သော ဘဏ္ဍာရေးထောက်ပံ့ပေးမှုနှင့် ကုမ္ပဏီရန်ပုံငွေများကို တောင်ကိုရီးယားနိုင်ငံ ပြင်ပသို့ လွှဲပြောင်းပေးအပ်ခဲ့မှု၊ အမေရိကန်ဒေါ်လာ သန်း ၁၀၀ လိမ်လည်မှု စသည့်စွဲချက်များဖြင့် စွဲချက်တင် ခံခဲ့ရသည်။

တရားရုံးတော်သည် ကင်အား အမေရိကန်ဒေါ်လာ ၁၀၇၀၀ ပေးဆောင်ရန်လည်း ဒဏ်ငွေရိုက်သည်။ ***အင်တာနက်။***

ကိန်းဘရစ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ စမ်းသပ်မည့် ပန်ကရိယကိရိယာကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ အမေရိကန် သမ္မတဘုရှ်အား ကန့်ကွက် ဆန္ဒပြနေသူများကို နိုဝင်ဘာ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယူရီးယား ဓာတ်မြေဩဇာ တန်ချိန်ကိုးသိန်းကျော် ဗီယက်နမ် လိုအပ်

ဟနွိုင်း နိုဝင်ဘာ ၁၄

ဗီယက်နမ်နိုင်ငံတွင် ဆောင်းရာသီနှင့် နွေဦးပေါက်ရာသီ ဆန်စပါးစိုက်ပျိုးရန်အတွက် ယူရီးယားဓာတ်မြေဩဇာ တန်ချိန် ၉၂၀၀၀၀ လိုအပ်ကြောင်း၊ လိုအပ်သည့် ဓာတ်မြေဩဇာပမာဏ၏ ထက်ဝက်နီးပါးကိုသာ ပြည်တွင်း ဓာတ်မြေဩဇာ ထုတ်လုပ်သူများက ဖြည့်ဆည်း ပေးနိုင်မည်ဖြစ်ကြောင်း ဗီယက်နမ်သတင်း သတင်းစာက နိုဝင်ဘာ ၁၈ ရက်က ဖော်ပြထားသည်။

သို့လျှောင်ထားသော ဓာတ်မြေဩဇာ ပမာဏမှာ တန်ချိန် ၂၀၀၀၀၀ ရှိကြောင်း ဗီယက်နမ်နိုင်ငံ ကုန်သွယ်ရေး ဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ သတင်းစာတွင် ရေးသားဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

စက်သုံးဆီအလေအလွင့်မရှိရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး တိတိကျကျလိုက်နာ သန်လျင်ရေနံချက်စက်ရုံ စွမ်းအားပြည့်လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၂၀

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၈ရက်တွင် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၏ ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ (ခနိတော)သို့ ရောက်ရှိရာ ဌာနခွဲအစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာ ဦးမြင့်ဇော်က စက်သုံးဆီသိုလှောင်ကန်များ၏ သိုလှောင်နိုင်မှုစွမ်းအား၊ စက်သုံးဆီလက်ခံရရှိမှုနှင့် ဖြန့်ဖြူးမှုအခြေအနေနှင့် အရန်ဆီသိုလှောင်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စက်သုံးဆီအလေအလွင့်မရှိရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ဝန်ထမ်းများ မသမာမှုပပျောက်စေရေးအတွက် ဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရေး၊ လိုက်နာမှုမရှိပါက ထိရောက်စွာအပြစ်ပေးအရေးယူသွားရေးတို့ကို မှာကြားသည်။

ထို့နောက်ဝန်ကြီးသည်ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲဝင်းအတွင်း၌ ဌာနခွဲဝန်ထမ်းများ၏ မီးသတ်ဇာတ်တိုက်လေ့ကျင့်မှု သရုပ်ပြခြင်းကို ကြည့်ရှုစစ်ဆေးပြီး မီးဘေးကာကွယ်ရေးအတွက် အချိန်တိုင်း အသင့်ဖြစ်နေစေရန်၊ မီးသတ်ဆေးဘူး အသုံးပြုမှုကို ဝန်ထမ်းတိုင်း လေ့ကျင့်ထားရှိစေရန် မှာကြား၍ မီးသတ်ဆေးဘူးများနှင့် အမြှုပ်ထမီးသတ်ဆေးများကို ကြည့်ရှုစစ်ဆေးကာ ဓာတုဗေဒပစ္စည်းများ အမြဲကောင်းမွန်နေအောင် စီမံထားကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ဝန်ကြီးသည်စက်သုံးဆီသိုလှောင်ကန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုံခြုံရေးကို အထူးဂရုစိုက်ကြရန် မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးသည် ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဒုတိယစက်ရုံမှူး ဦးမြင့်ဦးက စက်သုံးဆီချက်လုပ်မှုနှင့် ဖြန့်ဖြူးမှုအခြေအနေ၊ ဖယောင်းတိုင်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုအခြေအနေ၊ ပီပီအိတ်စက်ရုံ(က)၏ ထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စက်ရုံ၏ ချက်လုပ်နိုင်မှု စွမ်းအား၊ ဖြန့်ဖြူးနိုင်မှုအခြေအနေနှင့် သိုလှောင်နိုင်မှုစွမ်းအားတို့ကို အမြဲဂရုစိုက်ကြရန်၊ စက်ရုံစွမ်းအားပြည့်လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန်၊ ဝန်ထမ်းများ အကျင့်သီလကောင်းမွန်ရေး၊ နိုင်ငံပိုင်ပစ္စည်းများ လေလွင့် ဆုံးရှုံးမှုမရှိစေရေးတို့ကို မှာကြားသည်။

ထို့နောက်ဝန်ကြီးသည် စက်ရုံဝင်းအတွင်းရှိ ပီပီအိတ်စက်ရုံ(ခ)၏ စမ်းသပ် လည်ပတ်နေမှု အခြေအနေကိုလည်းကောင်း၊ ဂါလန် ၄ ဒသမ ၅ သန်းဆံ့ သံကန်တည်ဆောက်နေမှု အခြေအနေကိုလည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ(ခနိတော)၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

အာဆီယံ သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

အာဆီယံအဖွဲ့ဝင် နိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိရန် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစီမံကိန်းအရ အာဆီယံအတွင်းရေးမှူးချုပ်ရုံး အစီအစဉ်ဖြင့် ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့က အကောင်အထည်ဖော် ကျင်းပသော Strategies and Framework of Productivity and Standards Development in ASEAN သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး IAI Unit မှ Project Officer Ms. Chandrasa Edhityas Sjamsudin က နှုတ်ခွန်းဆက်စကားပြောကြားပြီး စင်ကာပူသမ္မတနိုင်ငံ International Trade Institute of Singapore မှ သင်တန်းဆရာများဖြစ်ကြသည့် Mr. Johnson Tan နှင့် Dr. Wong Wai Nam တို့က မိတ်ဆက်စကားပြောကြားကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ကြီးဌာနများမှ သင်တန်းသားအရာရှိ ၂၀တို့ တက်ရောက်ကြပြီး သင်တန်းကို နိုဝင်ဘာ ၂၂ရက်အထိ ကျင်းပမည် ဖြစ်သည်။

ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့သည် အာဆီယံအဖွဲ့ဝင် နိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိရန် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း စီမံကိန်းတွင် ပါဝင်သည့် နိုင်ငံပိုင်ကဏ္ဍ၏ စွမ်းဆောင်မှု တည်ဆောက်ရေး သင်တန်းများနှင့်စပ်လျဉ်း၍ ဆက်သွယ်ရန် အဖွဲ့အစည်းအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်းနှင့် ၂၀၀၆ ခုနှစ်အတွင်း သင်တန်းရှစ်ခုတို့ကို ကျင်းပခဲ့ပြီး နောက်ထပ် သင်တန်းတစ်ခုကိုလည်း ဒီဇင်ဘာလတွင် ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် နိုဝင်ဘာ ၂၀

၂၀၀၆ခုနှစ် (၄၅)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲကို သတ်မှတ်ထားသည့် အားကစားကွင်းများ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အားကစားကွင်း (မင်္ဂလာဒုံ)၌ကျင်းပသော (င)အုပ်စုပြိုင်ပွဲတွင် အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ (သတင်းစဉ်)

NLDသည် တိုင်းပြည်နှင့် လူမျိုးဒုက္ခရောက်စေမည့် လုပ်ရပ်များကိုသာ တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိ ပါတီနှင့်ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိတော့၍ ရွှေဘိုမြို့နယ် NLD ပါတီဝင်ငါးဦး စုပေါင်းနုတ်ထွက်

ရန်ကုန် နိုဝင်ဘာ ၂၀

စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ပါတီဝင် များဖြစ်ကြသော မင်းကျောင်းကျေးရွာမှ ဦးငွေမောင်၊ ဦးပွား၊ မြောင်းကြီးကျေးရွာမှ ဦးတင်ထွန်း၊ ပဂိုးကုန်းကျေးရွာမှ ဦးသိန်းမြန်နှင့် ကုလားမကျေးရွာမှ ဦးမျိုးပိုင်တို့ငါးဦးသည် ဩဂုတ် ၁၆ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်(NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ရွှေဘိုမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် နိုင်ငံနှင့်ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်ခြင်းမရှိဘဲ တိုင်းပြည်နှင့် လူမျိုးဒုက္ခရောက်စေမည့် လုပ်ရပ်များကိုပါ တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလ ကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကျန်းမာရေးစီမံကိန်း ဦးစီးဌာန ကျန်းမာရေးသတင်းအချက်အလက် ဌာနခွဲ (ကျန်းမာရေးစီမံကိန်း ဦးစီးဌာန) နေပြည်တော်မှ ဒေါက်တာ ဒေါ်တင်လင်းမြင့် ကြီးမှူး၍ ခုနစ်ရက်သားသမီး ဓမ္မမိတ်ဆွေများနှင့် ဝန်ထမ်းများ မိသားစုက အလှူတော်ငွေကျပ် ၂၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်-ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အင်တာနက်ကျန်းမာရေးသတင်း

ဆီလီကွန်ဖြင့် ရင်သားအတုပြုပြင်သည့်ကိစ္စ အစားထိုးကုသခြင်းကိုပြန်လည်ခွင့်ပြု

လန်ဒန် နိုဝင်ဘာ ၂၀

အမေရိကန်နိုင်ငံ အစားအစာနှင့် ဆေးဝါးကြီးကြပ်ရေးအဖွဲ့ (အက်ဖ်ဒီအေ) သည် ယခင်အခါက ဆီလီကွန်ဖြင့် ရင်သားအစားထိုးပြုပြင်သည့်လုပ်ငန်းကို ပိတ်ပင်ထားခဲ့ရာမှ ယခုအခါ ထိုပစ္စည်းကိုအသုံးပြု၍ အစားထိုးကုသခြင်းကို ပြန်လည်ခွင့်ပြုပေးလိုက်ပြီဖြစ်သည်။

ရင်သား ခွဲစိတ်အလှပြုပြင်ရာတွင် သုံးစွဲသော ဆီလီကွန် ရင်သားအတုတစ်ခုကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နိုင်ငံတွင် ရင်သားကို ဆီလီကွန်ဓာတုပစ္စည်းဖြင့် အစားထိုးကုသသည့် လုပ်ငန်းကို ယခင် ၁၄ နှစ်ကတည်းက ပိတ်ပင်ထားခဲ့သည်။ သို့ရာတွင် ယခုအခါ ဆီလီကွန်ပစ္စည်းသည် ကင်ဆာရောဂါ ဖြစ်ပေါ်လာစေနိုင်သည့် အန္တရာယ်မရှိကြောင်း သုတေသနပြုချက် များ ထွက်ပေါ်လာပြီးနောက် အက်ဖ်ဒီအေအဖွဲ့က ပိတ်ပင်ထားမှုကို ပြန်လည်ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

ဤနေရာတွင် ဆီလီကွန်အသုံးပြု၍ အမျိုးသမီးများ၏ ရင်သားအလှပြုပြင်ခြင်းသည် ရာခိုင်နှုန်းပြည့် စိတ်ချရသည်ဟုမူ ယတိပြတ်ပြောနိုင်ခြင်းမရှိသေးပေ။ ထို့ကြောင့်လည်း ဆီလီကွန်ရင်သားအတု အစားထိုးကုသနိုင်ခွင့်ရထားသော ကုမ္ပဏီနှစ်ခုသည် ယင်းတို့က အစားထိုးကုသပေးသူ လူနာအမျိုးသမီးပေါင်း ၄၀၀၀၀ တို့ကို ၁၀ နှစ်ကြာ ဆက်လက်လေ့လာ ရမည်။ ထိုမှ တွေ့ရှိချက်များကို ပြန်လည်တင်ပြရမည်ဆိုသော ကန့်သတ်ချက်များဖြင့် ဆီလီကွန် ရင်သားအစားထိုးခွင့်ကို ခွင့်ပြုပေးထားခြင်းဖြစ်သည်။

ဆီလီကွန်ရင်သားအတုကို တပ်ဆင်အလှပြင်ထားခြင်းအားဖြင့် ကင်ဆာရောဂါသော်လည်းကောင်း၊ အခြားရောဂါများသော်လည်းကောင်း ဖြစ်ပွားစေခြင်းမရှိကြောင်း လွတ်လပ်သော သုတေသနပြုချက်များမှ တွေ့ရှိချက်များကို အကိုးအကားပြု၍ အက်ဖ်ဒီအေအဖွဲ့က ပြန်လည်ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင် ဖော်ပြပါနည်းဖြင့် ရင်သားအလှပြုပြင်ခြင်းကြောင့် ရောဂါမရသော်လည်း ရင်ဘတ်အောင့်ခြင်း၊ ယားယံခြင်း စသော ဝေဒနာမျိုးကို ခံစားရစေနိုင်သည့် အခြေအနေမျိုးကို တွေ့ကြုံရနိုင်သည်ဟု ဆိုသည်။

အင်တာနက်

တိုင်းရင်းဆေးပညာအကျိုး သယ်ပိုးရည်သန် မြန်မာတိုင်းရင်းဆေးသမားတော်များညီလာခံ

ဒေါက်တာမြတ်မြတ်အုန်းခင်
(တိုင်းရင်းဆေးပညာဦးစီးဌာန)

သတ္တမအကြိမ်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ

ရန်ကုန်မြို့

၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ (၂၅ – ၂၆) ရက်နေ့

မြန်မာ့တိုင်းရင်းဆေးသမားတော်များ စည်းလုံးညီညွတ်စွာ အချင်းချင်း ဆွေးနွေးညှိနှိုင်းပြီး မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ၂၀၀၀ ပြည့်နှစ်မှစပြီး နိုင်ငံတော်အဆင့်အနေဖြင့် နှစ်စဉ်ကျင်းပလာခဲ့ပါသည်။ ယခင်က တိုင်းရင်းဆေးသမားတော်များ ဆွေးနွေးပွဲအဖြစ် ၁၉၉၇ ခုနှစ်တွင် မန္တလေးမြို့နှင့် ကချင်ပြည်နယ်၊ ၁၉၉၈ ခုနှစ်တွင် ရှမ်းပြည်နယ်နှင့် ၁၉၉၉ ခုနှစ်တွင် ဧရာဝတီတိုင်းတို့တွင် ကျင်းပခဲ့ပါသည်။ ယခုနှစ်တွင်ကျင်းပမည့် သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဝါးနှင့် ဆေးပညာအဆင့်အတန်းမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေး သမားတော်များ၏ ဂုဏ်သိက္ခာမြင့်မားရေး စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည် ဖြစ်ပါသည်။

သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်မှ ၂၆ ရက်နေ့အထိ ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်ထားပါသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံများကို နိုင်ငံတော်အကြီးအကဲများ ကိုယ်တိုင် အလေးဂရုထား၍ အားပေးဆောင်ရွက်ပေးလျက်ရှိသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါသည်။ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားသော မြန်မာတို့၏ မြန်မာ့ဆေးပညာအား ယနေ့နိုင်ငံတော်က အားပေးချီးမြှောက်နေခြင်းကြောင့် တိုးတက်ထွန်းကားမှုဖြစ်စဉ်ကို တွေ့မြင်လာရပြီဖြစ်သည်။ ရှေးပဝေသဏီခေတ်မှသည် ယနေ့ခေတ်ကာလအထိ နိမ့်တုံမြင့်တုံရှိခဲ့ပုံကို တွေ့ရသည်။ အားပေးသည်နှင့်အမျှ တိုးတက်ထွန်းကားခြင်း ရှိခဲ့သော်လည်း ကိုလိုနီအစိုးရလက်ထက် ဖိနှိပ်ခြင်းများကြောင့် မှေးမှိန်ခြင်းများလည်း ရှိခဲ့သည်။ မျိုးချစ်စိတ်ဓာတ် ထက်သန်သော မြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ ကြံ့ကြံ့ခံရပ်တည် စွမ်းဆောင်ချက်ကြောင့်သာ မြန်မာ့တိုင်းရင်းဆေးပညာမှာ မပျောက်ကွယ်ခဲ့ရခြင်းဖြစ်သည်။

သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်လျှင် မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာတို့ မြန်မာနိုင်ငံတွင် အခြေချနေ ထိုင်လာခဲ့စဉ်ကပင် ပေါ်ပေါက်လာသော ဆေးပညာရပ်ဖြစ်သည်။ ထိုခေတ်မြန်မာတို့၏ ကျန်းမာရေးကို မြန်မာတို့ စတင်အသုံးပြုခဲ့သော မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ရယူနိုင်ခဲ့ကြသည်။ ထို့ကြောင့်ပင် မြန်မာ့တိုင်းရင်းဆေးပညာနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ "ဘိုးဘေးဘီဘင်များသည် တိုင်းရင်းဆေးဖြင့် ကျန်းမာခဲ့ကြ၊ အသက်ရှည်ခဲ့ကြ၊ တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ခဲ့ကြသည်"ဟူ၍ ချီးကျူးဂုဏ်ယူနိုင်ခဲ့ကြခြင်းဖြစ်ပါသည်။

မြန်မာတို့၏ ရှေးဦးလူများသည် တကောင်း၊ သုဝဏ္ဏဘုမ္မိ၊ သရေခေတ္တရာ၊ ဓညဝတီစသော မြို့ပြနိုင်ငံများကို ထူထောင်ခဲ့ကြရာ ထိုခေတ်များ၌ အသုံးချခဲ့သော တိုင်းရင်းဆေးပညာအပါအဝင် အခြားပညာရပ်အမျိုးမျိုးကို ခေတ်ကာလ ကွာဝေးလွန်းသောကြောင့်လည်းကောင်း၊ မှတ်တမ်းမှတ်ရာ အားနည်းသောကြောင့်လည်းကောင်း၊ တစ်စုံတစ်ရာသော အထောက်အထားမျှ မတွေ့နိုင်ပါ။ သို့သော် ဒုတိယတကောင်းဆက် သတိုးဇမ္ဗူဒီပဓဇရာဇာမင်း နန်းသိမ်းပွဲအပြီး မှူးတော် မတ်တော် အမှုထမ်းအရာထမ်း၊ ဆင်သည် မြင်းသည်၊ သူဌေးသူကြွယ်၊ ပုဏ္ဏားဟူးရား ဆေးသမား၊ လက်သမားတို့ကို တစ်ထောင့်ခြောက်ဆယ်သော ဘွဲ့အမည်များပေးသည်ဟု အမျိုးသားရှေးဟောင်းရာဇဝင်ကြီးများတွင် ပြဆိုကြသည်။ ဤအဆိုအရ ဆေးဝါးကုသမှု အတတ်ပညာများ ခေတ်အလျောက်များစွာ ထွန်းကားနေပြီး နန်းတွင်းသမားတော်များအဖြစ် ဘွဲ့ပေးအပ်ခန့်ထားခဲ့ကြောင်း သိနိုင်ပါသည်။

ပထမမြန်မာနိုင်ငံတော်အဖြစ် ပုဂံကို ကြီးကျယ်ခမ်းနားစွာ ထူထောင်နိုင်ခဲ့သည့် အနော်ရထာသည် ဗုဒ္ဓဒေသနာတော်လာ ပဋိကတ်ကျမ်းစာပေနှင့်တကွ ထေရဝါဒဗုဒ္ဓသာသနာတော်ကို ကျယ်ပြန့်ထွန်းကားစေခဲ့ရာ ဗုဒ္ဓခေတ်သမားတော်ကြီး ဇီဝက၏ ဆေးပညာရပ်ဆိုင်ရာ စာပေများလည်း ပါဝင်လာခဲ့သည်။ သာသနာ့ဝန်ထမ်း ရဟန်းတော်များနှင့်လည်း အိန္ဒိယနိုင်ငံ အာယုဗ္ဗေဒဆေးပညာရပ်များ ရောက်ရှိလာခဲ့ရာ မြန်မာနိုင်ငံ၌ ရှိနှင့်ပြီးသော တိုင်းရင်းဆေးပညာအတွက် ပိုမိုပြည့်စုံစေခဲ့သည်။ အာမနာကျောင်း ကျောက်စာကြောင်းရေ ၂၃၊ စားပွဲမှောက်ဘုရား ကျောက်စာကြောင်းရေ ၁၉၊ ထိလုကုန်းဘုရားကျောက်စာ ကြောင်းရေ ၄၊ စောလုဝန်းဘုရားကျောက်စာ ကြောင်းရေ ၁၉ တို့၌ သမာ(သမားတော်)ဟူသော ဝေါဟာရများကို တွေ့နိုင်ပါသည်။

ပုဂံသားတို့သည် ဆေးပညာရပ်များကို မြန်မာဘာသာဖြင့် ရေးသားပြုစုမှုမရှိခြင်း၊ နှုတ်တိုက်အာဂုံဆောင်နည်းကို အသုံးပြုခြင်း၊ ကာလကြာသော် အကြောင်းအမျိုးမျိုးကြောင့် ပျောက်ပျယ်ခြင်းတို့ကြောင့် ပုဂံခေတ်ဆေးကျမ်းများကို တသီးတခြား မတွေ့ရသော်လည်း အင်းဝခေတ်၊ ကုန်းဘောင်ခေတ်တို့၌ ထွန်းကားဖြစ်ပေါ်ခဲ့သော တိုင်းရင်းဆေးကျမ်းများတွင် ပုဂံခေတ်သုံး ဆေးဝေါဟာရများကို တွေ့ရလေသည်။ ထို့အပြင် ပုဂံမြို့တော်ကြီး၏ အစွန်အဖျား(ပုပ္ပားတောင်အပါအဝင်) အရပ်ဒေသများစွာတို့တွင် ဆေးဖက်ဝင်အပင်များ များစွာကြွယ်ဝလှကြောင်းကို ဓောမိဝင် ဋီကာနိဂုံးအရ သိနိုင်သဖြင့် ပုဂံနိုင်ငံတော်ကြီး ကြီးကျယ်သည်နှင့်အညီ ပုဂံသားတို့၏ ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်နိုင်ခဲ့ကြောင်း သိရပါသည်။

အင်းဝခေတ် (၇၂၆–၁၀၉၅)ရောက်သောအခါ နရပတိမင်း (၈၀၄–၈၃၀)လက်မှတ်ရေးထိုးခဲ့သော ပုဂံတက်နွယ်ကျောင်း ကျောက်စာတွင် တောင်တွင်းမင်းမောင်နှံတို့ လှူဒါန်းသည့်အလှူ၌ ဗုဒ္ဓပိဋကတ်တော်များနှင့်အတူ အာယုဗ္ဗေဒဆေးကျမ်းအများအပြားကိုပါ ပေးလှူကြောင်း ဆေးကျမ်းအမည်နှင့်တကွ ဖော်ပြထားသည်ကို တွေ့ရသဖြင့် အင်းဝသားတို့၏ ကျန်းမာရေး အမြော်အမြင် မြင့်မားလွန်းလှကြောင်း အကဲခတ်နိုင်ပါသည်။ အင်းဝခေတ် ရဟန်းစာဆိုတော်များဖြစ်ကြသည့် ကန်တော်မင်းကျောင်းဆရာတော်၊ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်အဂ္ဂသမာဓိစသူတို့၏ လက်ရာစာပေများတွင် ဆေးကျမ်း၊ ဆေးပညာဆိုင်ရာ ဝေါဟာရများ၊ ရောဂါလက္ခဏာများကို သုံးနှုန်းရေးဖွဲ့ခဲ့ကြသဖြင့် ထိုပုဂ္ဂိုလ်ကြီးတို့သည် စာပေအရာ၌ အံ့မခန်းကြီးကျယ်စွာ ဆောင်ရွက်နိုင်ခဲ့သည့်နည်းတူ မြန်မာ့တိုင်းရင်းဆေးပညာရပ်ကိုပါ ကျယ်ပြန့်ထွန်းကားအောင် ဆောင်ရွက်ခဲ့ကြသည်ဟု ဆိုနိုင်ပါသည်။ စာပေအနုပညာကို အသုံးပြု၍ ပြည်သူ့ကျန်းမာရေးအတွက် သွန်သင်ဆုံးမ လမ်းပြခဲ့ကြသူများလည်း ဖြစ်ပါသည်။

ဒုတိယအင်းဝခေတ် အနောက်ဘက်လွန်မင်းတရားကြီးက ပြည်မြို့ကို သိမ်းပိုက်ခဲ့စဉ် 'ရှင်တစ်ဆူ လူတစ် ယောက်သာရသည်'ဟု ပြောရသည့် ရှင်တစ်ဆူပုဂ္ဂိုလ် တောင်ဖီလာဆရာတော်ကြီးသည် ဆေးကျမ်း၊ ဓာတ်ကျမ်းများကိုပြုစုခဲ့ခြင်း၊ ၎င်းတောင်ဖီလာဆရာတော်ကြီးကဲ့သို့ ထင်ပေါ်ကျော်ကြားလှသည့် ရွှေဥမင်ဆရာတော်ကြီး ပြုစုခဲ့သည့် ဆေးကျမ်းများကလည်း အင်းဝခေတ်ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အတွက် အကျိုးကျေးဇူးကြီးမားခဲ့ပါသည်။

ကုန်းဘောင်ခေတ်ကို အလောင်းမင်းတရားကြီး (၁၁၁၃–၁၁၂၂) က စတင်တည်ထောင်ခဲ့ရာ တိုင်းသစ်၊ ပြည်သစ်၊ နိုင်ငံတော်သစ်အဖြစ် အားသွန်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ စစ်ရေးကိစ္စများဖြင့် အချိန်ကုန်ခဲ့ရပေသည်။ ယင်းသို့ တိုင်းသစ်ပြည်သစ်ထူထောင်ရာတွင် သာမန်ကျေးလက်ပြည်သူများ၏ ကျန်းမာရေးကို မြန်မာ့တိုင်းရင်းဆေး သမားတော်များက စောင့်ရှောက်ပေးခဲ့ရုံမက အလောင်းမင်းတရားကြီး စစ်ချီရာတို့တွင် စစ်ကြောင်းများ၌လည်း အမှုထမ်းတိုင်းရင်းသမားတော်များ ပါဝင်ခဲ့ကြရသည်။ ထို့ကြောင့် အလောင်းမင်းတရားကြီးလက်ထက်၌ ဘွဲ့ရဘုရင့်သမားတော်များသာမက အခြားတိုင်းရင်းသမားတော်များ များစွာရှိနေပြီဖြစ်ကြောင်း သိရသည်။

ကုန်းဘောင်ခေတ်ဦးပိုင်းနှင့် ခေတ်နှောင်းကာလများတွင် မြန်မာ့တိုင်းရင်းဆေးပညာမှာ ကြီးမားကျယ်ပြန့်လျက် အရှိန်အဟုန်ပြင်းစွာ ဆက်လက်တိုးတက် ပြန့်ပွားခဲ့လေသည်။ နာမည်ကျော်ကြား သမားတော်ကြီးများ၊ လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်သည့်သုတေသီ သမားတော်ကြီးများ၊ စာတွေ့လက်တွေ့ ပေါင်းစပ်၍ ဆေးကျမ်းပြုသမားတော်ကြီးများသည် ၎င်းတို့၏ ခေတ်ကာလ ပြည်သူ့ကျန်းမာရေးကို အပြည့်အဝစောင့်ရှောက်နိုင်ခဲ့ကြပါသည်။

မြန်မာသက္ကရာဇ် ၁၂၄၈ ခုနှစ်တွင် မိုင်းခိုင်းအတွင်းဝန် ပိဋကတ်တော်အုပ်မင်းကြီး မဟာသီရိဇေယျသူသည် မြန်မာ့ရှေးဟောင်းခေတ်မှ သီပေါမင်းပါတော်မူသည့် ၁၂၄၇ ခုနှစ်အထိ ရှာဖွေတွေ့ရှိသမျှ ဆေးကျမ်းများကို စုဆောင်း၍ စာရင်းပြုစုခဲ့ရာ အာယုဗ္ဗေဒဆေးကျမ်းများအပါအဝင် ဆေးကျမ်းအမျိုးမျိုး ၁၆၀ မျှရှိကြောင်းသိရပါသည်။ နန်းတွင်းသမားတော်ကြီးများ ခန့်ထားခဲ့ရာတွင် မီးယပ်နာ၊ ကလေးသူငယ်နာ၊ စိတ်ရောဂါစသည်ဖြင့် နိုင်နင်းစွာ ကုသနိုင်သော သမားတော်ကြီးများလည်း ရှိခဲ့ကြောင်း၊ အကြောအဆစ်ဆိုင်ရာ ကုသသူများလည်း ရှိခဲ့ကြောင်းသိရပါသည်။ ၎င်းသမားတော်ကြီးများသည် နန်းတွင်း၌သာ ကုသပေးရသည်မဟုတ်ဘဲ နန်းပြင်လေးပြင်လေးရပ်ရှိ လူအိုရုံများတွင်လည်း ကျန်းမာရေးစောင့်ရှောက်ပေးကြရလေသည်။ ကုန်းဘောင်ခေတ်က နိုင်ငံခြားသို့ စေလွှတ်သည့် သံအဖွဲ့များတွင် ဆေးဆရာများ လိုက်ပါဆောင်ရွက်ကြရသေးရာ ထိုခေတ်ပြည်သူ့ကျန်းမာရေးကဏ္ဍတွင် မြန်မာ့တိုင်းရင်းဆေးပညာက တာဝန်ယူထားနိုင်ခဲ့ကြောင်း တွေ့ရလေသည်။

၁၂၄၇ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ရာ မြန်မာ့တိုင်းရင်းဆေးပညာသည်လည်း ချိုးနှိမ်ခံခဲ့ရလေသည်။ နယ်ချဲ့ဗြိတိသျှတို့၏ ဖိနှိပ်ချုပ်ချယ်မှုကို မခံမရပ်နိုင်သော မြန်မာမျိုးချစ်ပုဂ္ဂိုလ်ကြီးများသည် ရရာလက်နက် လူသူများစုဆောင်းပြီး နယ်ချဲ့အစိုးရကို တော်လှန်ခဲ့ရာတွင် မြန်မာနိုင်ငံ ဒေသအနှံ့အပြားမှ တိုင်းရင်းသားပေါင်းစုံတို့ ပါဝင်ခဲ့ကြသည်။ မျိုးချစ်တပ်ဖွဲ့များ၏ ဒဏ်ရာအနာတရများနှင့် ကျန်းမာရေးကိစ္စအဝဝတွင် ရှိနှင့်ပြီးသော တိုင်းရင်းဆေးဆရာများက သမားစဉ်ဆက် သုံးစွဲခဲ့သော ဆေးနည်းကောင်းများဖြင့် အသုံးချခဲ့ကြသည်။ ထို့ကြောင့် အင်္ဂလိပ်တို့သည် နယ်စွန်နယ်ဖျား လူသူအရောက်အပေါက် နည်းသည့် မြန်မာမျိုးချစ်သူရဲကောင်းများ၏ တပ်စခန်းများ အသီးသီးသို့ တိုင်းရင်းဆေးဆရာများ မသွားရောက်ရဲအောင် နည်းအမျိုးမျိုးဖြင့် ချုပ်ချယ်ခဲ့သည်။ အနာကိုမကုရ၊ ဓားကိုအသုံးပြု၍ မခွဲစိတ်ရစသည်ဖြင့် ဒေသအုပ်ချုပ်ရေး နယ်ပယ်များအလိုက် တိုင်းရင်းဆေးဆရာများ ပပျောက်ရေးကို ဆောင်ရွက်ခဲ့သည်။

သို့သော် မြန်မာတို့ကား ဓားမဦးချ နေထိုင်လာကတည်းက အားထားခဲ့ရာ မြန်မာ့တိုင်းရင်းဆေးပညာကို အားကိုးယုံကြည်မြဲရှိပြီး ပိုမိုတိုးတက်အောင် ထိန်းသိမ်းနိုင်ခဲ့သည်။ ထိုအချိန်က ပြည်သူ့ကျန်းမာရေးကဏ္ဍတွင် အဓိကတာဝန်ယူနေရသော ဒေသအသီးသီးရှိ တိုင်းရင်းဆေးဆရာကြီးများသည် ပိုမိုတိုးတက်သော ဆေးပညာအမြင်များဖြင့် ဆေးနည်းကောင်းများကို အသုံးချကုသကြရာ မြန်မာနိုင်ငံထက်အောက် ကြေညာ၌ ထင်ပေါ်ကျော်ကြားသော တိုင်းရင်းဆေးဆရာကြီးများ ထွက်ပေါ်ခဲ့ကြသည်။ နယ်ချဲ့အင်္ဂလိပ်ခေတ်က ကပ်ရောဂါအသွင် ကျရောက်ခဲ့သော ပလိပ်ရောဂါ၊ ကျောက်ရောဂါ၊ ဝမ်းရောဂါများကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့်ပင် ထိန်းသိမ်းကုသပေးခဲ့ကြရသည်။ တောင်သာဆရာမှဲ့၏ 'ပလိပ်ရောဂါကုထုံးကျမ်း' နှင့် သုံးဆယ်ဦးပန်းသာ၏ 'ဗျာဓိဝိသေလ' ခေါ် ကျောက်ရောဂါကုထုံးကျမ်းတို့ ပေါ်ထွက်ခဲ့ပြီး တိုင်းရင်းဆေးဆရာများ နည်းနာယူအသုံးချနိုင်ခဲ့ကြရာ ထိုခေတ် ထိုအချိန်အတွက် ပြည်သူ့ကျန်းမာရေး လိုအပ်ချက်ကို အဆင့်မီမီ ဖြည့်စွက်ပေးနိုင်ခဲ့ကြသည်ဟုဆိုရပါမည်။ ဂျပန်ခေတ်တွင် စစ်တွင်းကာလ အဘက်ဘက်မှ ကျပ်တည်း ကျဉ်းမြောင်းခဲ့ပြီး ဆေးဝါးများ ရှားပါး ပြတ်လပ်သောကြောင့် ရန်ကုန်ဆေးရုံကြီးကဲ့သို့သော အဓိကရ ဆေးရုံကြီးများရှိ ကျန်းမာရေးဝန်ထမ်းများပင်လျှင် ခွဲစိတ်ကုသဖွယ်ရောဂါ များမှတစ်ပါး အခြားရောဂါများစွာတို့အတွက် မြန်မာ့တိုင်းရင်းဆေး ဆရာများနှင့် တိုင်းရင်းဆေးဝါးများကိုသာ အများအပြား အားကိုးနေထိုင်ခဲ့ ကြရလေသည်။

ထိုသို့ ပြည်သူ့ကျန်းမာရေးကို ကြီးမားကျယ်ပြန့်စွာ ထမ်းပိုးစောင့်ရှောက်ထားသည့် မြန်မာ့တိုင်းရင်းဆေးပညာကို အင်္ဂလိပ်အစိုးရသည် လျစ်လျူရှုထား၍ မဖြစ်တော့လောက်အောင် နားလည်လာသောအခါ ၁၉၂၈ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ဒုတိယဗိုလ်မှူးကြီးဘခက်ခေါင်းဆောင်သော တိုင်းရင်းဆေးပညာ စုံစမ်းရေးကော်မတီကိုဖွဲ့စည်းပြီး မြန်မာ့တိုင်းရင်းဆေးပညာကို မြှင့်တင်ရန် ဆောင်ရွက်ခဲ့သည်။ ထိုကော်မတီက နှစ်နှစ်တာမျှ စုံစမ်းကြပြီးလျှင် ၁၉၃၀ ပြည့်နှစ် ဇန်နဝါရီလတွင် အစီရင်ခံစာတင်သွင်းပြီး အများပြည်သူသို့လည်း ထုတ်ပြန်ကြေညာခဲ့သည်။ သို့သော် ဗြိတိသျှအစိုးရသည် အစီရင်ခံစာပါ မြန်မာ့တိုင်းရင်းဆေးပညာ မြှင့်တင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၏ ပုဂ္ဂလိကအခန်းကဏ္ဍလောက်ပင် မဆောင်ရွက်ခဲ့ပေ။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✥

အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကျင်းပ

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလုပ်ကျ သဘာပတိ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ ဦးလှမြင့် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၂၀

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အစုအဖွဲ့ သဘာပတိ အဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အလုပ်ကျ သဘာပတိအဖြစ် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ ဦးလှမြင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရုပ်ရှင်ဒါရိုက်တာ ဦးခင်ဇော်နှင့် မြန်မာနိုင်ငံ နည်းပညာပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဦးသိန်းဦးဘိုးစော တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ် ၅၆ဦးအနက် ၅၁ဦးတို့ တက်ရောက်ကြသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၁ ဒသမ ဝ၇ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကြောင်းကြေညာသည်။

ယင်းနောက် အလုပ်ကျသဘာပတိ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမှ ဦးလှမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြမည့် အကြံပြုချက်စာတမ်းကို အလုပ်ကျသဘာပတိက အတည်ပြုချက်ရယူသည်။

ဆက်လက်၍ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်း အခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်း ပြောကြားချက်ကို အလုပ်ကျသဘာပတိက ပြန်လည် ရှင်းလင်းတင်ပြသည်။

ထို့နောက် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့မှ တင်ပြမည့် အကြံပြုချက် စာတမ်းပြုစုရန် စာတမ်းပြုစုရေးအဖွဲ့များ ဖွဲ့စည်းကြပြီး အလုပ်ကျ သဘာပတိက နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို နံနက် ၉နာရီ ၃၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲ

ရန်ကုန် နိုဝင်ဘာ ၂၀

သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်ကြီး၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲကို ဒီဇင်ဘာ ၄ ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်၍ မင်းကျောင်းနွယ်ဖွား သက်ဆိုင်ရာ ရဟန်းရှင်လူ တပည့်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အချိန်မီ မင်းကျောင်း ပထမပြန်စာသင်တိုက်သို့ ကြွရောက်ကြည်ညို လှူဒါန်း ပူဇော်ကြပါရန် ကြိုတင်အကြောင်းကြားထားကြောင်း သိရသည်။ (က-ပ)

တောင်ငူဂျီတီအိုင် အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၀

တောင်ငူ ဂျီတီအိုင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီတွင် မင်းဓမ္မလမ်း Hero Hall ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများ ကြိုတင်လှူဒါန်းလိုသူများသည် ကိုကျော်လင်းသန့် ဖုန်း-၀၉၅၁၆၅၄၉၀၊ ကိုအေးကို ဖုန်း-၀၉၅၁၃၀၆၁၅၊ ကိုမြင့်နိုင် ဖုန်း-၀၉၅၁၁၄၂၆၂၊ ကိုခင်မောင်ဦး ဖုန်း-၀၉၅၀၁၀၅၃၀၊ မခင်မာလာထွန်း ဖုန်း-၀၉၅၁၆၁၂၃၄ နှင့် မချိုချိုလွင် ဖုန်း-၀၉၅၀၂၂၄၃၃ တို့သို့ ဆက်သွယ် စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

(၆၂)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ အလုပ်ပေး တရားစခန်းပွဲကြီး

ရန်ကုန် နိုဝင်ဘာ ၂၀

ဇလွန်မြို့ လမ်းမတော်မြောက် မြို့သစ်ရပ် ခပေါင်းလမ်းရှိ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၉၆) ဓမ္မရိပ်သာကြီးတွင် ဒီဇင်ဘာ ၂၂ ရက်မှ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ တစ်လတရားစခန်းပွဲကြီး ကျင်းပမည်ဖြစ်သည်။

အထက်ပါ တစ်လတရားစခန်းပွဲကြီး၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယခံ တပည့်များဖြစ်သော ဆရာတော် အရှင်ဦးဩဘာသ၊ ဓမ္မကထိကဆရာကြီး ဦးကျော်စိန်နှင့် ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးအေးဖေတို့က ဗုဒ္ဓအလိုတော်ကျ ပရိညာသုံးပါး အခြေခံထား၍ ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်မြတ်နှင့် သစ္စာလေးပါး ဝိပဿနာလုပ်ငန်းစဉ် တရားများကို ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ဟောပြောပြသကြမည် ဖြစ်ပါသောကြောင့် ရန်ကုန်မှ လိုက်ပါလိုသော ယောဂီများသည် တယ်လီဖုန်းနံပါတ် ၅၅၄၄၃၅၊ ၅၈၄၈၆၇သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

❖ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်တွင် မြန်မာ့တိုင်းရင်းဆေးပညာ မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံတော်အစိုးရက တာဝန်ယူ၍ တိုင်းရင်းဆေးခန်းများကို ဖွင့်လှစ်ပေးခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ၊ ၁၉၇၂ ခုနှစ်တွင် တိုင်းရင်းဆေးပညာဆွေးနွေးပွဲများကို နိုင်ငံတော်က စီစဉ်ကျင်းပပေးခဲ့သည်။ နိုင်ငံတကာနှင့် ဆက်နွှယ်ဆောင်ရွက်နိုင်ရန် မြန်မာတိုင်းရင်းဆေးပညာလေ့လာရေးအဖွဲ့များကို နိုင်ငံခြားတိုင်းပြည်များသို့ စေလွှတ်ပေးခဲ့သည်။

၁၉၇၆ ခုနှစ်တွင် မန္တလေး တိုင်းရင်းဆေးသိပ္ပံကို ဖွင့်လှစ်ပြီး အရည်အချင်း ပြည့်မီသော မြန်မာ့တိုင်းရင်းဆေးဆရာများကို မွေးထုတ်ပေးနိုင်ခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် နိုင်ငံတကာအဆင့်မီ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ အပ်နှင်းပေးနိုင်မည့် တိုင်းရင်းဆေးတက္ကသိုလ်ကို မန္တလေးမြို့တွင် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တိုင်းရင်းဆေးဆရာ တစ်နှစ်သင်တန်းများကို (၈)ကြိမ် အထိ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ ယခုအခါ တိုင်းရင်းဆေး ကုသခွင့် လက်မှတ်(တ-ဆ)ရရှိသူ တိုင်းရင်းဆေးဆရာပေါင်း ၅၄၇၁ ဦးရှိပြီဖြစ်သည်။

တိုင်းရင်းဆေးသမားတော်များ ညီလာခံ၏ ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ ဆွေးနွေးဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းကိုလည်း ၂၀၀၂ ခုနှစ်တွင် စတင်ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ထို့ပြင် ဆေးဖက်ဝင် ပရဆေးပင်များ တိုးချဲ့စိုက်ပျိုးရေးအတွက် ပရဆေးဥယျာဉ်ကိုးခုကို တည်ထောင်ထားရှိပြီးဖြစ်သည်။ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၁၃၅ ဧက ကျယ်ဝန်းသော နိုင်ငံတကာအဆင့်မီ သဘာဝ ပရဆေးဥယျာဉ်ကြီးတစ်ခုကို နေပြည်တော်တွင် တိုးတက်တည်ထောင်လျက်ရှိရာ မကြာမီ ခမ်းနားထည်ဝါစွာ ပေါ်ထွက်လာတော့မည်ဖြစ်သည်။ နေပြည်တော် သဘာဝပရဆေးဥယျာဉ်တွင် ရောဂါကြီးခြောက်မျိုးဖြစ်သည့် ငှက်ဖျား၊ တီဘီ၊ ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းကိုက်၊ ဆီးချိုနှင့် သွေးတိုးရောဂါများကို ကာကွယ်ကုသနိုင်သော ပရဆေးပင် လုပ်ကွက် ခြောက်ကွက်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန၊ သစ်တောရေးရာ ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ရောဂါကြီး ခြောက်မျိုး လုပ်ကွက်အလိုက် ပရဆေးပင် စိုက်ပျိုးနေပြီး ပြည်နယ်၊ တိုင်းအလိုက် ရှားပါးသော ပရဆေးပင်ပြကွက်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ တီဘီ၊ ငှက်ဖျား၊ သွေးတိုးနှင့် ဆီးချိုရောဂါဆိုင်ရာ ဆေးဝါးအသစ်များကိုလည်း အနောက်တိုင်းဆေးပညာရှင်၊ သုတေသနပညာရှင်များနှင့် ပူးပေါင်းလျက် စံပြုတီထွင်လျက်ရှိပါသည်။ ထို့အပြင် တိမ်မြုပ်ပျောက်ကွယ်လုမတတ်ဖြစ်နေသည့် ရှေးဟောင်းဆေးကျမ်း ပေပုရပိုက်များကိုလည်း ရှာဖွေစုဆောင်း သုတေသနပြုလျက်ရှိပါသည်။ တိုင်းရင်းဆေးဆရာများ၊ ဆေးဝါးထုတ်လုပ်သူများအနေဖြင့် ထုတ်လုပ်မှုကျင့်စဉ်ကောင်း (GMP)နှင့်အညီ ထုတ်လုပ်နိုင်ရေးအတွက် ပညာပေးသင်တန်း၊ ဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ပါသည်။ နိုင်ငံတော်က ၁၉၉၆ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သော တိုင်းရင်းဆေးဝါးဥပဒေအရ တိုင်းရင်းဆေးဝါးမှတ်ပုံတင် ၈၁၄၉ ခု၊ ထုတ်လုပ်ခွင့်လိုင်စင် ၁၄၄၄ ဖြင့် တိုင်းရင်းဆေးဝါးများကို ထုတ်လုပ် လျက်ရှိပါသည်။ စံမညီတိုင်းရင်းဆေးဝါး၊ သုံးစွဲရန် မသင့်သောဆေးဝါးများကိုလည်း အမိန့်ကြော်ငြာစာများဖြင့် ထုတ်ပြန်တားဆီး အရေးယူဆောင်ရွက်လျက် ရှိပါသည်။

ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုနယ်ပယ်တွင် တိုင်းရင်းဆေးဝါးများကို ပိုမိုအားထား သုံးစွဲလာကြသောကြောင့် ဆေးရုံဆေးခန်းများကို တိုးချဲ့ဖွင့်လှစ်လျက်ရှိရာ ပြည်နယ်၊ တိုင်းအသီးသီးတွင် တိုင်းရင်းဆေးရုံ ၁၄ ရုံ၊ တိုင်းရင်းဆေးကုသဌာန ၂၃၇ ဌာနကို ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ လိုအပ်သည့် တိုင်းရင်းဆေးဝါးများကိုလည်း ရန်ကုန်နှင့်မန္တလေးရှိ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးစက်ရုံများတွင် ထုတ်လုပ်ပေးလျက်ရှိပါသည်။ ထို့အပြင် အထူးထုတ် တိုင်းရင်းဆေးဝါး ၁၃ မျိုးကိုလည်း လွယ်လင့်တကူ ဝယ်ယူရရှိနိုင်စေရန် ဖြန့်ချိရောင်းချပေးလျက်ရှိသည်။

တိုင်းရင်းဆေးပညာပြန့်ပွားရေးနှင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်ရန်အတွက် ဆေးတက္ကသိုလ်များရှိ တတိယနှစ်ဆေးကျောင်းသား၊ ကျောင်းသူများအား တိုင်းရင်းဆေးပညာဘာသာရပ် သင်ကြားပို့ချပေး ခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာနရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သာသနာရေးဝန်ကြီးဌာန နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်နှင့် သာသနာပြု ရဟန်းတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များသင်တန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဗဟိုမီးသတ်သင်တန်းကျောင်း၊ ဆေးတပ်ဖွဲ့ သင်တန်းများအပြင်၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့နှင့်ပူးပေါင်းပြီး မြို့နယ်အသီးသီးတွင် တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။

၂၀၀၀ ပြည့်နှစ်မှစ၍ နှစ်စဉ်မပျက် ကျင်းပခဲ့သော တိုင်းရင်းဆေးသမားတော်များညီလာခံ၏ ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ ဆွေးနွေးဆုံးဖြတ်ချက်များ၏ အသီးအပွင့်အဖြစ် တိုင်းရင်းဆေးဆိုင်ရာ လုပ်ငန်းစဉ်များကို တိုးတက်ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ယနေ့ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို လေ့လာသုံးသပ်ကြည့်ပါက နိုင်ငံတော် အကြီးအကဲများကိုယ်တိုင် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခါမလပ် အားပေးချီးမြှောက်လျက်ရှိခြင်း၊ ပြည်သူများကလည်း တိုင်းရင်းဆေးဝါးများကို ပိုမိုအားထားသုံးစွဲလျက်ရှိခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှလည်း တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းနှင့် နှစ်စဉ်ကျင်းပလျက်ရှိသော တိုင်းရင်းဆေးသမားတော်ညီလာခံများ၏ ဆောင်ရွက်ဖွယ်ရာ ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေး အဖြေရှာပေးနေခြင်းများကြောင့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ ပိုမိုတိုးတက်အောင်မြင်လာခြင်း ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်အတွင်းရှိ လူသွားစင်္ကြံများ အမြင်တင့်တယ်စေရေးအတွက် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၄ ရက်က ဗိုလ်ဆွန်ပက်လမ်း(အလယ်လမ်း) လူသွားစင်္ကြံ ပြုပြင်ဆောင်ရွက်နေမှုကို မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်မြင့်နိုင်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးငွေစိုးနှင့် လမ်းသာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်သန်းတို့ လိုက်လံကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့တော်စည်ပင်)

သီးနှံစပါး ပြည့်အင်အား
တားဆီးကာကွယ် မီးအန္တရာယ်

အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးသည် ယနေ့ မြန်မာနိုင်ငံ၏ အမျိုးသားရေးတာဝန်ကြီးဖြစ်သည်ဟု ခံယူပြီး စိတ်အားထက်သန်စွာ၊ အသိစိတ်ဓာတ်ရှိစွာ၊ ဂုဏ်ယူစွာဖြင့် ဆောင်ရွက်နေ

✱ ရှေ့ဖုံးမှ

ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်အခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့နှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ လေ့လာတွေ့ရှိချက်များကို အမျိုးသားညီလာခံစုံညီအစည်းအဝေးများ၌ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ကြောင်း။

အကြံပြုစာတမ်းများတင်ပြထား

ယခုအခါ ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့နှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ (၈)ဖွဲ့တို့က အကြံပြုချက်စာတမ်းများကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့ တင်ပြထားကြပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါအခန်း (၃)ခန်းနှင့် စပ်လျဉ်းသည့် ကိုယ်စားလှယ်အစုအဖွဲ့ (၈)ဖွဲ့တို့က ယင်းတို့၏ အကြံပြုတင်ပြချက်စာတမ်းများကို ဖတ်ကြားတင်ပြနိုင်ရန်အတွက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများကို မကြာမီအချိန်အတွင်း ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့အတူ ကျန်အခန်းခေါင်းစဉ် (၄)ခုဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်အခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များအခန်းတို့နှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ (၈)ဖွဲ့တို့၏ အကြံပြုချက်စာတမ်းများ ရေးသားပြုစုပြီးပါကလည်း အမျိုးသားညီလာခံ စုံညီအစည်းအဝေးများကျင်းပကာ အဆိုပါ အကြံပြုချက်စာတမ်းများကို အသီးသီးဖတ်ကြားတင်ပြသွားကြမည်ဖြစ်ကြောင်း။

တင်ပြလျက်ရှိ

၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ စတင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံတွင် ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းများကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံက ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ကျန်အခန်းခေါင်းစဉ် (၇)ခန်းအတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ လေ့လာတွေ့ရှိချက်များ အားလုံးကိုလည်း အမျိုးသားညီလာခံ စုံညီအစည်းအဝေးများ၌ ရှင်းလင်းပြောကြားခဲ့ပြီး ညီလာခံကိုယ်စားလှယ် အစုအဖွဲ့လိုက် ဆွေးနွေးချက် စာတမ်းများပြုစု၍ လုပ်ငန်းကော်မတီသို့ ပြန်လည်တင်ပြလျက်ရှိကြကြောင်း၊ သို့ဖြစ်ရာ မိမိတို့၏ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းများသည် အရှိန်အဟုန်ဖြင့် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်သည့် အနေအထားဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ယင်းသို့ အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ခြင်းမှာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့က မိမိတို့၏တာဝန်ဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်ခြင်း၊ တစ်ဖက်ကလည်း အမျိုးသားညီလာခံ ကိုယ်စားလှယ်များအနေဖြင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ရေးသည် ယနေ့မြန်မာနိုင်ငံ၏ အမျိုးသားရေးတာဝန်ကြီးဖြစ်သည်ဟု ခံယူပြီး ယင်းတို့၏ အမျိုးသားညီလာခံနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ရမည့်အပိုင်းကို စိတ်အားထက်သန်စွာ၊ အသိစိတ်ဓာတ်ရှိစွာ၊ ဂုဏ်ယူစွာဖြင့် ဆောင်ရွက်နေခြင်းတို့ကြောင့်ပင်ဖြစ်ကြောင်း။

သို့ဖြစ်ရာ အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ ယခုရရှိထားသော အခြေအနေကောင်းများကို အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်သည်အထိ ဆက်လက်ထိန်းသိမ်းရေး၊ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရေးတို့ကို အမြဲဂရုပြုလျက် ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ဆွေးနွေးညှိနှိုင်း

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အဖွဲ့ဝင်များက အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်သို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက တင်ပြသည့် စာတမ်းများကို လေ့လာဆွေးနွေးကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးများသို့ ဆက်လက်တင်ပြသွားရန်ရှိသည့် ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များက အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပဆောင်ရွက်ရေးအတွက် အကြံပြုတင်ပြ ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နတ်မောက်အထက (တန်းမြင့်ကျောင်း) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၀

မကွေးတိုင်း နတ်မောက်မြို့ အထက(တန်းမြင့်ကျောင်း)၏ (၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် (တနင်္လာနေ့)တွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ဆရာဦးအောင်ကျော်မင်း၊ ဒေါ်ဆွေဆွေမြင့်၊ ဦးမင်းမင်း နတ်မောက်အိပ်ချိန်း ၀၂–၆၉၀၃၃/၄၂ မှတစ်ဆင့်၊ ဦးခိုင်ထွေး ၀၉–၈၀၂၂၁၈၃၊ ၀၁–၃၇၉၅၈၁၊ ဒေါ်မိမိကျော် ၀၆၃–၂၁၀၆၅တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပဉ္စမအကြိမ် အစားအသောက်

အရည်အသွေးမြင့်တင်ရေးဆိုင်ရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေး

5th Meeting of ASEAN Expert Group on Food Safety

21 to 23 November 2006 Yangon, Myanmar

ငမိုးရိပ်၊ ဂျိုးဖြူ မင်္ဂလာရေပိုက် ဖွင့်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ (၄)ရပ်ကွက် သောက်သုံးရေအတွက် ငမိုးရိပ်၊ ဂျိုးဖြူ မင်္ဂလာရေပိုက်ဖွင့်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၃)လမ်းမကြီးနှင့် ဥဇ္ဇနာလမ်းထိပ်ရှိ မုခ်ဦးရှေ့၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းတာဝန်ခံများဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ တက်ရောက်အားပေးပြီး မင်္ဂလာရေပိုက်ဖဲကြိုးကို ဖြတ်၍ ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ကော်မတီဝင် ဦးကျော်စိုး၊ ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တ အတွင်းရေးမှူး ဦးအောင်မြင့်၊ အရှေ့ပိုင်းခရိုင် အတွင်းရေးမှူး ဦးဇော်အောင်၊ မြို့နယ်အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်၊ ရေသွယ်ယူရေး ဥက္ကဋ္ဌ ဦးခင်ထွန်း၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

မင်္ဂလာအချိန် ကျရောက်သည်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် တာဝန်ရှိသူများက မင်္ဂလာဖဲကြိုးဖြတ်ကာ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက မင်္ဂလာကမ္ပည်း မော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ယင်းနောက် မင်္ဂလာရေပိုက် ဖွင့်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲ အခမ်းအနားကိုဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမှာစကားပြောကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆိုပြုလွှာ ၇၇၄ စောင်ကို မြို့တော်ဝန်က လက်ခံယူပြီး အသင်းဝင် အသိအမှတ်ပြုကတ်ပြားများကို ပြန်လည်ပေးအပ်သည်။ (၁၉)

မြောက်ဥက္ကလာပမြို့နယ် ၂၀၀၆ ခုနှစ် (၈၆)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက်က အထက(၁) မြတ်ခရေခန်းမ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင် ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

သမ္မတကမ်းခြေကျောင်းတိုက် ယောဂီဆောင်ရေစက်ချပွဲ

ရန်ကုန် နိုဝင်ဘာ ၂၀

လယ်တီမူအနာဂါမ် ဆရာသက်ကြီးနည်း ဝိပဿနာအဖွဲ့ ကမ္မဋ္ဌာနာစရိယချုပ် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသန်းအား အမှူးထား၍ ရန်ကုန်တိုင်း ဒလမြို့နယ် သမ္မတကမ်းခြေ ကျောင်းတိုက် ဆရာတော် အရှင်ဉာဏုဇ္ဇောတ (သာသနတက္ကသီလ ဓမ္မာစရိယ ဘီအေ)နှင့် တပည့်ယောဂီအပေါင်းတို့ လှူဒါန်းသော သမ္မတကမ်းခြေ ကျောင်းတိုက်အတွင်းရှိ အမျိုးသမီး ယောဂီ နှစ်ထပ်ကျောင်းဆောင်အား နိုဝင်ဘာ ၂၆ ရက်နေ့ နံနက် ၉ နာရီတွင် ရေစက်ချအမှူပေးဝေမည်ဖြစ်ရာ ရပ်ဝေး၊ ရပ်နီး ယောဂီသူတော်စင် အပေါင်းအား အတူတကွ ရေစက်ချအမှူပေးဝေနိုင်ရန် ယောဂီဆောင် ဖြစ်မြောက်ရေးအဖွဲ့မှ ဖိတ်ကြားထားကြောင်းသိရသည်။

(က–ပ)

ကချင်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ယခင်ကထက် တစ်နှစ်ထက်တစ်နှစ် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရ ကချင်ပြည်နယ်၌ ပေ၁၈၀အထက် ၁၅ စင်းမြောက် ဖုန်အင်တံတား ဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၁၅)က မြစ်ကြီးနား–ဆွမ်ပရာဘွမ် ပူတာအိုလမ်း မိုင်တိုင်(၁၄၈/၀)၌ ဖုန်အင်ချောင်းကိုဖြတ်၍ တည်ဆောက်ပြီးစီးဖြစ်သည့် ဖုန်အင်တံတားဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းရင်းသားဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယနေ့ ဖုန်အင်တံတားကြီးကို ဖွင့်လှစ်လိုက်သည့်အတွက် မြစ်ကြီးနားမှ ပူတာအိုအထိလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စွာ သွားလာနိုင်ပြီဖြစ်၍ ဤဒေသထွက်ကုန်များ၊ ကုန်စည်စီးဆင်းမှုမြန်ဆန်သွက်လက်လာတော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုး တိုးတက်စေရေးအတွက် ကချင်ပြည်နယ် အပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးကို ဟန်ချက်ညီညီ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသအလိုက် လိုအပ်ချက်များကို လေ့လာဖော်ထုတ်ဆောင်ရွက်ပေးနေကြောင်း၊ ပြည်နယ်နှင့်တိုင်း ဒေသများအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးဇုန် ၂၄ ခု သတ်မှတ်ပြီး နယ်စပ်ဒေသပါမကျန် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဆောင်ရွက်ပေးနေ

ထို့ပြင် ပြည်နယ်နှင့်တိုင်း ဒေသတစ်ခုနှင့်တစ်ခုကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်မရှိအောင် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ရည်မှန်းချက်နှင့် နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးပေးစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ပိုမိုစည်းလုံးချစ်ခင်ရန် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိလာစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေး စသည့် ကဏ္ဍစုံအသီးသီးတွင်လည်းနောက်ကျမကျန်ရစ်ခဲ့ရအောင် တစိုက်မတ်မတ်ဆောင်ရွက်ပေးနေကြောင်း။

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ မြောက်ဘက်စွန်းပိုင်း ရေမြေသယံဇာတပေါကြွယ်ဝသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ယခင်က ပြည်နယ်အတွင်း နယ်မြေအေးချမ်းသာယာမှု မရှိသည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့တွင် အဘက်ဘက်က နောက်ကျကျန်ရစ်ခဲ့ရကြောင်း၊ ယခုအခါ ပြည်နယ်တွင်း နယ်မြေအေးချမ်းတည်ငြိမ်မှု ရှိလာပြီး မော်တော်ကားလမ်း အသစ်များဖောက်လုပ်ခြင်း၊လမ်းအဟောင်းများကို တိုးတက်ပြုပြင်ခြင်း၊ မြစ်ကြီးနား–မန္တလေး မီးရထားလမ်းကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်နိုင်သည့်ပြင် မြစ်ကြီးနားလေဆိပ်၊ ဗန်းမော်လေဆိပ်၊ ပူတာအိုလေဆိပ်တို့ကို တိုးချဲ့ပြုပြင်တည်ဆောက်ခြင်းတို့ကြောင့် ကချင်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာအခြေခံအဆောက်အအုံများ ယခင်ကထက် တစ်နှစ်ထက်တစ်နှစ် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရပြီဖြစ်ကြောင်း။

၁၉၈၈ နောက်ပိုင်း မြန်မာတစ်နိုင်ငံလုံးတွင် ပေ၁၈၀အထက် တံတားကြီးပေါင်း ၁၉၉ စင်း ဖွင့်လှစ်ခဲ့ပြီး ယနေ့ဖွင့်လှစ်လိုက်သည့် ဖုန်အင်တံတားကြီးမှာ အစင်း၂၀၀မြောက် တံတားဖြစ်ကြောင်း၊ ကချင်ပြည်နယ်အနေနှင့် ၁၅စင်းမြောက် ဖွင့်လှစ်နိုင်ခဲ့သည့် ပေ၁၈၀အထက် တံတားကြီးတစ်စင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက နိုင်ငံတော်ကြီး အဘက်ဘက်မှ ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ပြည်နယ်နှင့်တိုင်း ဒေသတစ်ခုနှင့်တစ်ခု လွယ်လင့်တကူ ကူးလူးဆက်သွယ် သွားလာနိုင်အောင် လမ်းမကြီးများ၊ တံတားကြီးများ၊ လေယာဉ်ကွင်းများ တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးလျက်ရှိသည့်အချိန်တွင် ဒေသခံတိုင်းရင်းသားပြည်သူများ အနေဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းကူညီ ဆောင်ရွက်သွားကြပါ၊ ဤတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲအောင်လည်း စောင့်ရှောက်သွားကြပါဟု ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတား တည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားရာတွင် ယခု တည်ဆောက်ပေးပြီးသည့် ဖုန်အင်တံတားအပါအဝင် ပေ ၁၈၀ နှင့်အထက် တံတားကြီးပေါင်း အစင်း ၂၀၀အပြင် တပ်မတော်သားများ တည်ဆောက်ပေးခဲ့သည့် တံတား ၁၁စင်း၊ မြန်မာ့မီးရထားက ခုနစ်စင်း၊ လျှပ်စစ်စွမ်းအားက နှစ်စင်းနှင့် ပါဆိုလျှင် ယနေ့အထိ တံတားပေါင်း ၂၂၀ ရှိသွားပြီဖြစ်ကြောင်း။

ပေ၂၀မှ ပေ၁၀၀အတွင်း တံတားများက ၁၈၁၁စင်းနှင့် ပေ၁၀၀မှ ပေပေ၁၈၀အတွင်း အစင်းပေါင်း၂၃၃စင်း တည်ဆောက်ပေးခဲ့ပြီး ဆောက်လုပ်ဆဲ တံတားကြီး၊ တံတားလတ်၊ တံတားငယ်များ ရှိသေးကြောင်း၊ ဧရာဝတီတိုင်းတွင် ဖျာပုံတံတား၊ မြို့တွင်းတံတား၊ ကျွန်းကုန်းတံတား၊ မန္တလေးတိုင်းတွင် ရတနာပုံတံတားတို့အပြင် အခြား တိုင်းနှင့် ပြည်နယ်များ၌လည်းရှိကြောင်း၊ မြစ်ကြီးနားတွင် ဒွန်ဘန်တံတား၊ ရှမ်းပြည်နယ်တွင် ရွှေလီတံတား၊လိန်းလီတံတား စသည်များ တည်ဆောက်ဆဲရှိနေကြောင်း။

ယခုဆိုလျှင် ကချင်ပြည်နယ် အနေဖြင့်ဤဖုန်အင်တံတားအပါအဝင် ပေ၁၈၀နှင့်အထက် တံတားပေါင်း ၄၂စင်း ရှိပြီဖြစ်ကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးနေရသည့် လမ်းများမှာ ၁၉၈၈ ခုနှစ်အထိ တစ်နိုင်ငံလုံး လမ်းမိုင်အရှည် ၁၃၆၃၅ မိုင် ရှိခဲ့ရာက ယနေ့ဆိုလျှင် လမ်းမိုင် ၁၉၀၂၀/၆ မိုင် ရှိလာသည့်အတွက် ၅၃၈၅/၆ မိုင် တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ကချင်ပြည်နယ်တွင် ၁၉၈၈ ခုနှစ်ထိ လမ်းမိုင် ၁၄၇၁ မိုင် ရှိခဲ့ရာက ယနေ့ဆိုလျှင် ၁၆၅၂/၄ မိုင် ရှိလာပြီး ၁၈၁/၄ မိုင်အထိ တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

မြစ်ကြီးနား – ဆွမ်ပရာဘွမ်–ပူတာအို လမ်းမိုင် ၂၁၈မိုင်ကို အထူးဦးစားပေး လုပ်ငန်းကြီးအဖြစ် မြစ်ကြီးနားမှ ဆွမ်ပရာဘွမ်ထိ ၁၃၂/၀ မိုင်နှင့် ဆွမ်ပရာဘွမ်မှ ပူတာအို အထိ ၁၃၂/၀ မိုင်မှ ၂၁၈/၀ မိုင်တို့ကို ရာသီမရွေး သွားလာနိုင်အောင် ကျောက်ချောလမ်းအဖြစ် ပထမအဆင့် ဆောင်ရွက်သွားမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများ ကိုယ်စား ဒေသခံပြည်သူတစ်ဦးက တံတားကြီး တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ပရိသတ်များသည် တံတားကြီးကို ဖဲကြိုးဖြတ် ဖွင့်လှစ်မည့် မုခ်ဦးနေရာသို့ သွားရောက်နေရာယူကြပြီးနောက် မင်္ဂလာအချိန်တွင် တိုင်းမှူးနှင့် ဝန်ကြီးတို့က ဖုန်အင်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဒေသခံတိုင်းရင်းသားများနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့တွင် မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် ဖုန်အင်တံတား ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်ကို တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဝန်ကြီးနှင့်အတူ ကမ္ဗည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကာ တံတားကြီးပေါ်သို့ ဖြတ်သန်းကြည့်ရှုကြသည်။

ဖုန်အင်တံတားမှာ အောက်ခြေသံကူကွန်ကရစ်တိုင်နှင့် အပေါ်ထည် ဘေလီသံပေါင်နှင့် H–20 သံပေါင် တံတားဖြစ်ပြီး တံတားအရှည် ၂၃၅ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၀ ပေ ခြောက်လက်မရှိ၍ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၂၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ မြစ်ကြီးနား–ဆွမ်ပရာဘွမ်– ပူတာအိုလမ်းရှိ ဖုန်အင်တံတားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁–၁၁–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	ကဗျာပန်းဥယျာဉ်
၈း၀၅	၆။	အကပြိုင်ပွဲ
၈း၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၂၀	၈။	သုံးဆယ်ရေလှောင်တမံ
၈း၃၀	၉။	International News.
၈း၄၅	၁၀။	Let's Go.
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ဓာတုဗေဒ၊ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) (ဓာတုဗေဒ)
၄း၄၅	၄။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅း၀၀	၅။	ခံစားနားဆင် တေးဓာတ်ဝင်
၅း၁၀	၆။	**“စည်းကမ်းလိုက်နာ ဘေးကင်းမှာ” (လူကူးမျဉ်းကြားမှ ကူးမယ်)**
၅း၂၀	၇။	ဆိုကြမယ် ပျော်ကြမယ်
၆း၀၀	၈။	ညနေခင်းသတင်း
၆း၃၀	၉။	မိုးလေဝသအခြေအနေ
၆း၃၅	၁၀။	**နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “တောတွင်းသားငယ်လေး” (အပိုင်း–၂၈)**
၆း၅၀	၁၁။	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၇း၀၅	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ခြင်းနှင့်အတူ” (အပိုင်း–၂၀)**
၈း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ “တကယ်သဘောကျတယ်” (အပိုင်း–၂)**
	၁၇။	နောက်တစ်နေ့အစီအစဉ်
	၁၈။	အစီအစဉ်ပြီး၏။

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန်တိုင်း မော်ဘီမြို့နယ် မြောင်းတကာစံပြကျေးရွာ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၂၇)မှ ဦးဆောင်၍ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ ဒက္ခိဏာရာမ စာသင်တိုက်မှ ကမ္မဋ္ဌာနာစရိယ သာသနာပြုနယ်လှည့် ဓမ္မကထိက ဓမ္မာစရိယ ရှင်စန္ဒသာရ အရှင်သူမြတ်က တရားဟောကြားမည်ဖြစ်၍ တရားအားထုတ်လိုသော ယောဂီများ နိုဝင်ဘာ ၂၉ ရက် ညနေ ၅ နာရီ အရောက်လာရောက်ရန် နှိုးဆော်ထားသည်။

(က–ပ)

✧ **ကာကွယ်ရေးမှ**

ဒေသခံတိုင်းရင်းသားပြည်သူများ နေ့၊ မိုး၊ ဆောင်း ရာသီမရွေး သွားလာနိုင်အောင် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ဤဒေသသည် သဘာဝတောင်ကြောများဖြင့် မြင့်မားထူထပ်သောကြောင့် မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အထူးသဖြင့် အတက်လမ်းပိုင်းကို ဦးစားပေးပြီး အမာခံကျောက်ချောလမ်းအဖြစ် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များနှင့်အတူ ဆက်လက်ထွက်ခွာလာပြီး မိုင်တိုင်အမှတ် (၅၀/၂)နှင့် (၅၀/၃) အကြား၌ မိုးရာသီတွင် ရေတိုက်စားသဖြင့် ပြတ်တောက်သွားခဲ့သောလမ်းပိုင်း၏ ပြုပြင်ထားခြင်းကို ကြည့်ရှုစစ်ဆေးရာ လမ်းပြုပြင်ထားမှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ အေးရှားဝေါ(လ်)ကမ္ပဏီစီမံကိန်း ဒါရိုက်တာ ဦးတင်မျိုးနိုင်က ရှင်းလင်းတင်ပြပြီး တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များနှင့်အတူ မိုင်တိုင် အမှတ်(၆၃/၄)နှင့် (၆၃/၅)အကြား၌ အကျယ် ၁၈ ပေ အရှည် ၂၄ ပေရှိ တည်ဆောက်လျက်ရှိသောရေပူချောင်းတံတားသို့သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ချောင်းရေတိုက်စား ပျက်စီးမှုမရှိစေရေးအတွက် သင်္ကာဦးသတ္တုနှင့် ရေခဲ့ထည့်သွင်းတည်ဆောက်ရေး၊ တံတားရေရှည်ကြံ့ခိုင်မှုရှိစေရေးအတွက်အကျယ် ပေ ၂၀ရှိ သံကူကွန်ကရစ်တံတားအဖြစ် ပြင်ဆင်တည်ဆောက်သွားနိုင်ရေး ညှိနှိုင်းစီမံဆောင်ရွက်သွားရန်မှာကြားသည်။

ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ် လမ်းတွင် ရေပြွန် ၅၃၃၃၊ သံကူကွန်ကရစ်တံတား ၁၀ စင်း၊ သစ်သားတံတား ငါးစင်းနှင့် မြေထိန်းနံရံ ၁၈ ခုတို့ဖြင့် တည်ဆောက်ထားသည့်အပြင် တောင်ကြောဆက်လမ်း ၁၇ ခုတို့ဖြင့် ဖောက်လုပ်ထားသဖြင့် လမ်းပန်းဆက်သွယ်မှု ပိုမိုချောမွေ့ကောင်းမွန် လာကြောင်း သိရှိရသည်။

ထို့ပြင် အရှည် ၁၁၂မိုင်ရှိ ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်-မိုင်းဆတ် လမ်းတစ်လျှောက်တွင် နေထိုင်ကြသော ဒေသခံတိုင်းရင်းသား ပြည်သူများ ဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည်မိုင်းဆတ်ခရိုင် မိုင်းခုတ်မြို့သို့ ရောက်ရှိကြပြီး ဘုရင့်နောင်ခန်းမ၌ မိုင်းခုတ်တပ်နယ်ရှိ တပ်ရင်း တပ်ဖွဲ့များမှ အရာရှိ စစ်သည်မိသားစုဝင်များအားတွေ့ဆုံကာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေး မှာကြားကာ အရာရှိ၊ စစ်သည် မိသားစုများအတွက် ကြက်သွန်၊ အာလူးနှင့် စားသောက်ဖွယ်ရာ များကိုပေးအပ်သည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် မိုင်းခုတ်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ သွားရောက်ကြပြီး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံကာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တစ်ဝန်းလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အထူးဒေသကြီး ၂၄ခု၊ ဖွံ့ဖြိုးရေးစီမံကိန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်စီမံကိန်းများချမှတ်ကာ တိုင်းရင်းသား ပြည်သူများ၏ ပူးပေါင်းပါဝင်မှု စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

မိုင်းခုတ်ဒေသသည်လည်း မြို့အဖြစ် အဆင့်တိုးမြှင့်ပေးကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ခဲ့သည့်အတိုင်း စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ အသီးသီးတို့ အထိုက်အလျောက် တိုးတက်လာပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့ တိုးတက်မြင့်မားလာခြင်းသည် ဒေသခံတိုင်းရင်းသား ပြည်သူများ ပြည်ထောင်စုကြီးတာဝရ တည်မြဲခိုင်မြဲအေးချမ်းပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်၏ ကြိုးကြပ်မှုဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြခြင်း၏ အကျိုးရလဒ်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများက ဒေသခံတိုင်းရင်းသား ပြည်သူများအား နိုင်ငံတော်၏ ဆောင်ရွက်ချက်များကို သဘောပေါက်နားလည်အောင် စည်းရုံး၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် သွားကြရန် မှာကြားလိုကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် ဒေသဝမ်းစာဖူလုံမှု ၁၈၈ ဒသမ ၄၁ ရာခိုင်နှုန်းရှိသည်ကို တွေ့ရ၍ ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊အရှိန်အဟုန်မပျက်ဆက်လက်ကြိုးပမ်း စိုက်ပျိုးသွားကြရန်တိုက်တွန်းလိုကြောင်း။

ပညာရေးကဏ္ဍတွင် ဒေသခံတိုင်းရင်းသားလူငယ်များ လက်လှမ်းမီ သင်ယူဆည်းပူးနိုင်ရန်အတွက် နိုင်ငံတော်က အခြေခံပညာအထက်တန်းကျောင်း တိုးချဲ့ဖွင့်လှစ်ပေးထားပြီဖြစ်ရာ ယခင်ကထက် စာမေးပွဲအောင်ချက်နှုန်း တိုးတက်မြင့်မားအောင်ကြိုးပမ်းဆောင်ရွက်ရန်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတာဝန်များ လက်ဆင့်ကမ်းတာဝန်ယူနိုင်သည့် ဘက်စုံပညာထူးချွန်သော တိုင်းရင်းသားလူငယ်များပေါ်ထွန်းလာရန် ဆရာ၊ ဆရာမများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ဝိုင်းဝန်းလေ့ကျင့်ပျိုးထောင်ပေးကြရန်တိုက်တွန်းမှာကြားလိုကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ရှေးရှုပြီး ဒေသဖွံ့ဖြိုးရေးတာဝန်များကို ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ထမ်းဆောင်ကြစေလိုကြောင်းဖြင့် ပြောကြားပြီး လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များနှင့်အတူ မိုင်းခုတ်မြို့ ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံဆရာဝန် ဒေါက်တာဝင်းနိုင်က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုထိရောက်အောင် ဆောင်ရွက်ရေး၊ သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်တို့က လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးရေး၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ရေးတို့အတွက် မှာကြားပြီး ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များလိုက်ပါပြီး မိုင်းခုတ်မြို့မှ မိုင်းဆတ်မြို့သို့ ဆက်လက် ထွက်ခွာ၍ မိုင်တိုင်အမှတ် (၂၀/၀၄ ၂၂/၀)အတွင်း၌ မိုင်းဆတ်-မိုင်းခုတ်လမ်းကို အကျယ် ၃၄ပေအထိ စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြား၍ ဆက်လက် ထွက်ခွာကာ ညပိုင်းတွင် မိုင်းဆတ်မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်ပါက တိုင်ကြားနိုင်

နေပြည်တော် နိုဝင်ဘာ ၂၀

ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး ယုံကြည်အားထားသော သန့်ရှင်းသည့် အုပ်ချုပ်မှုယန္တရားဖြစ်ပေါ်စေရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို ရည်မှန်းချက်များ ချမှတ်လျက် တိကျမှန်ကန်စေရေးအတွက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ဤသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာကိစ္စများနှင့် ဆက်စပ်၍ လည်းကောင်း၊ အခွန်ဆိုင်ရာကိစ္စများနှင့် ဆက်စပ်၍ လည်းကောင်း၊ အခြားသိလိုသည့် အချက်အလက်များရှိပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၌ ပွင့်လင်းစွာမေးမြန်းစုံစမ်းနိုင်သည်။

လုပ်ငန်းဆောင်ရွက်မှုများတွင် ဝန်ထမ်းများ၏ မမှန်မကန်ဆောင်ရွက်မှုကြောင့် အခက်အခဲပေါ်ပေါက်လျှင်သော်လည်းကောင်း၊ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုပြီး နိုင်ထက်စီးနင်းပြုကျင့်ခြင်း၊ တရားမဝင်ငွေကြေး၊ တန်ဖိုးလက်ဆောင် တစ်စုံတစ်ရာတောင်းခံ၊ ပေးကမ်းရခြင်းများရှိလျှင်သော်လည်းကောင်း၊ ကျေနပ်မှုမရှိလျှင်သော်လည်းကောင်း ဖော်ပြပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ဝန်ကြီး ဖုန်း-၀၆၇-၄၁၀၀၅၅၊ ဖက်စ်-၀၆၇-၄၁၀၁၉၄၊ ဒုတိယဝန်ကြီး ဖုန်း-၀၆၇-၄၁၀၀၄၂၊ ဖက်စ်-၀၆၇-၄၁၀၁၀၂၊ ရုံးအဖွဲ့မှူး ဖုန်း-၀၆၇-၄၁၀၀၄၆ဖက်စ်-၀၆၇-၄၁၀၁၈၉ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရုံးအမှတ်(၂၆)နေပြည်တော် e-mail address; mofar@mptmail.net.mm တို့ဖြစ်သည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် အများပြည်သူများ၏ စည်းကမ်းနှင့်အညီ တိုင်ကြားချက်များကို တရားမျှတမှုရှိစေရေးအတွက် ဥပဒေနှင့်အညီ ထိရောက်မြန်ဆန်စွာ အရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပ မြို့နယ် ဥက္ကလာပစေတီတော် ဝိပဿနာ တရားစခန်း အမျိုးသမီးယောဂီ ဆောင် ဆောက်လုပ်ရန်အတွက် တောင်ဥက္ကလာပမြို့နယ် (၉) ရပ်ကွက် သုမင်္ဂလာလမ်းနေ ဦးစိုးညွန့်-ဒေါ်ခင်ကြည် (ကြာသိုပန်း) မိသားစုက အလှူငွေကျပ် ၁၂သိန်းကို နိုဝင်ဘာ ၁၉ရက်က ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်းနှင့် ဂေါပကအဖွဲ့ဝင် ဦးမြင့်သိန်းတို့လက်ခံပြီး အနုမောဒနာ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၆၃)

ပြည်တွင်းလူမှုရေးအသင်းအဖွဲ့ဝင်များ ဖျာပုံအကျဉ်းထောင်သို့ ထောက်ပံ့မှုပြု

ရန်ကုန် နိုဝင်ဘာ ၂၀

ပြည်တွင်းလူမှုရေးအသင်းအဖွဲ့ဝင်များသည် နိုဝင်ဘာ ၉ရက်တွင် ဖျာပုံအကျဉ်းထောင်သို့ သွားရောက်၍ အကျဉ်းသားများအား စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ထိန်းသိမ်းဆက်ဆံမှု၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေးနှင့် နေထိုင်စားသောက်ရေး လိုအပ်ချက်များ ရှိမရှိစုံစမ်းခဲ့ကြပြီး အကျဉ်းသားများအားတွေ့ဆုံ၍ အားပေးစကား ပြောကြားခြင်းတို့ကို ပြုလုပ်ကြကာ ငွေကျပ်ရှစ်သောင်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများနှင့် တစ်ခါသုံးဆေးထိုးအပ်အချောင်း ၁၀၀၀တို့ကို ထောက်ပံ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖျာပုံအကျဉ်းထောင်တွင် အကျဉ်းသားများအား ကျန်းမာရေးနှင့် ဆေးဝါးကုသမှုဆောင်ရွက်နေသည်ကို ပြည်တွင်းလူမှုရေးအသင်းအဖွဲ့ဝင်များ ကြည့်ရှုကြစဉ်။ (အကျဉ်းဦးစီး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၁-၂၀၀၆ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်		"စပါးပေါင်းပင်"
၇း၀၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်	၉း၅၅	တေးဂီတအစီအစဉ်
၇း၁၅	တေးဂီတအစီအစဉ်	၁၀း၀၀	အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (ကိုဖြိုးဝေဇော်နှင့်မေကဗျာ)
၇း၂၀	ညှော်မယ်ဖျို့ (ခန့်စည်သူ၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဌမ်းပုံ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)	၁၀း၁၅	ပြည်တွင်းသတင်းအကျဉ်း
		၁၀း၂၅	တေးဂီတအစီအစဉ်
		၁၀း၃၀	လေ့ရှိုးရာရုံးရှာလေးများ
		၁၀း၄၀	တေးဂီတအစီအစဉ်
		၁၀း၄၅	ရေပျော့ငှက်တို့နားခိုရာ
၇း၃၀	တေးဂီတအစီအစဉ်	၁၀း၅၀	တေးဂီတအစီအစဉ်
၇း၃၅	Sunday Talk	၁၀း၅၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ပွဲတင်သည့်ကဲ"
၈း၂၀	စည်းကမ်းလိုက်နာ ဘေးကင်းကွာ (လူကူးမျဉ်းကျားကကူးမယ်)	၁၁း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၅	တေးဂီတအစီအစဉ်	၁၁း၂၅	တေးဂီတအစီအစဉ်
၈း၃၀	ပြည်တွင်းသတင်းအကျဉ်း	၁၁း၃၀	သံချည်သံကြေး အတတ်ပညာ (အပိုင်း-၂)
၈း၄၀	တေးဂီတအစီအစဉ်		
၈း၄၅	နိုင်ငံတကာအနုပညာရေးရာ		
၉း၀၅	တေးဂီတအစီအစဉ်	၁၁း၄၀	တေးဂီတအစီအစဉ်
၉း၁၀	ပရိုဂရမ်ဆတ်ကြွယ်ဖို့ ငါးအသားလွှာစားကြစို့	၁၁း၄၅	သင်ယူစရာပန်းချီပညာ (စိတ်ကူးအရုပ်ဖြင့် ရေးဆွဲခြင်း)
၉း၂၅	နိုင်ငံတကာသတင်းအကျဉ်း		
၉း၃၀	ကြည်နူးနားဆင်ဂီတသံစဉ်	၁၂း၀၀	MRTV-4 အပိတ် Logo
၉း၄၀	မိုးလေဝသခန့်မှန်းချက်		**အထက်ပါ ၅နာရီစာ အစီအစဉ်များကို**
၉း၄၅	တေးဂီတအစီအစဉ်		**ည ၁၁ နာရီအထိ သုံးကြိမ် ဆက်တိုက်**
၉း၅၀	သီးနှံစိုက်ပျိုးအထွက်တိုး		**ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁း၅၅	CSKA Moscow-Porto	5-Sports(Live)
၂း၀၀	Celtic-Man;Utd	5-Sports(Live)
	Arsenal-Hamburg	5-Series(Live)

အလက(၄)ရန်ကင်း အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကင်းမြို့နယ် အလက(၄)တွင် ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ကျောင်းသား၊ ကျောင်းသူသစ်များ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ၁၉၆၅မှ ၂၀၀၆ခုနှစ်အထိ ပညာ သင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများကို ပူဇော်ကန်တော့နိုင်ပါရန် တက်ရောက်ကြပါရန်နှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းလှူဒါန်းကြရန် နှိုးဆော်ထားသည်။

အလှူငွေများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာအောင် ဖုန်း-၅၆၆၈၁၂(ကျောင်း)၊ ၅၅၅၄၃၀(အိမ်)၊ ဦးဗိုစ်ဝင်း ဖုန်း-၅၄၁၆၇၃၊ ဦးစိန်သိုက် ဖုန်း-၀၉-၈၀-၂၀၇၃၆၊ ဒေါ်နွယ်နီဇင် ဖုန်း-၅၄၀၇၄၂၊ ဦးဉာဏ်ထက် ဖုန်း-၀၉-၅၁-၃၆၇၇၃နှင့် ဦးချမ်းငြိမ်းအောင်ဖုန်း-၅၅၉၃၃၂၀တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

❍ **ကျောဖုံးမှ**

စီမံကိန်းများချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်က ဧရာဝတီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟင်္သာတ၊ မအူပင်နှင့် ပုသိမ်ဒေသတို့၌ ဆေးရုံကြီးများနှင့် တက္ကသိုလ်ကောလိပ်များကို တည်ဆောက်ပေးခဲ့ကြောင်း။

မော်လမြိုင်ကျွန်းမြို့သည် နိုင်ငံတော်၏ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုတွင် ပါဝင်သော မအူပင်မြို့နှင့် နီးကပ်စွာရှိသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရည် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ယခင်ကကဲ့သို့ မြို့ကြီးသို့ သွားရောက်ရန် မလိုတော့ဘဲ လွယ်ကူလျင်မြန်လာပြီဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေး၊ တိုးတက်ရေးတို့အတွက် နိုင်ငံတော်က အခြေခံအဆောက်အအုံများကို တည်ဆောက်ပံ့ပိုးဆောင်ရွက်ပေးနေသကဲ့သို့ ဒေသခံပြည်သူများအပိုင်းကလည်း မိမိမြို့၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်က သတ်မှတ်ပေးထားသော အဓိကသီးနှံ ၁၀မျိုး၊ နှစ်ရှည်သီးနှံ သုံးမျိုး၊ အမယ်သစ်သီးနှံ သုံးမျိုးတို့ကို ပန်းတိုင်အထွက်နှုန်းနှင့် သတ်မှတ်စိုက်ဧကများရရှိစေရန် ကွင်းဆင်း၍ ကျေးလက်ဒေသအရောက် စည်းရုံးပညာပေးဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ထို့အပြင် ဒေသနှင့်ကိုက်ညီသော မွေးမြူရေးလုပ်ငန်းများနှင့် ပင်လယ်ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ပြီး ပင်လယ်ထွက်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ရေးနှင့် ဧရာဝတီတိုင်း၏ စီးပွားရေး တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတော်က ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိရာ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများအနေဖြင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်းကို အလေးထား၍ စီမံချက်ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

မြို့နယ်အတွင်း တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် ကျန်းမာရေး၊ ပညာရေးအပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရာတိုးတက်ရေးတို့ကို တာဝန်အရသာမက စေတနာထား၍ ပိုမိုတိုးတက်အောင်မြင်စေရန် ထိထိရောက်ရောက် ဆောင်ရွက်ကြရေးမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့ မြို့မ(၅)ရပ်ကွက် သောင်တိုးရှိ မြတ်စက်မှုလက်မှု၏ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက် ထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိကြပြီး မြတ်စက်မှုလက်မှုက ထုတ်လုပ်သော စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်များ၊ ရိုးပြတ်ခုတ်စက် အမျိုးမျိုးနှင့် စက်ပစ္စည်း အစိတ်အပိုင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ လုပ်ငန်းရှင် ဦးဇော်မင်းက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နိုင်ငံတော်အနေဖြင့် စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားပေးလျက်ရှိရာ ဒေသ၌ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရေးနှင့် နည်းစနစ်များ ပိုမိုကောင်းမွန်သည်ထက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားသည်။

ဧရာဝတီတိုင်း မြောင်းမြခရိုင် မော်လမြိုင်ကျွန်းမြို့နယ်ရှိ မြတ်စက်မှုလက်မှုလုပ်ငန်းက ထုတ်လုပ်သော စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်သည် ဝပ်(၅၀၀၀၀)ခန့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကာ ကျေးလက်မီးလင်းရေးလုပ်ငန်းကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

မြတ်စက်မှုလက်မှုက ရိုးပြတ်ခုတ်စက်၊ ပဲ့ထောင်နောက်ထိုင် (ရှပ်လိုင်းအထိုင်)၊ ပဲ့ထောင် နောက်ထိုင်(ချိန်းထိုင်)၊ ပဲ့ထောင်နောက်ထိုင်(ကားစက်) စသည့် ဒေသပို့ဆောင်ရေးလုပ်ငန်းများတွင်အသုံးပြုသော စက်ကိရိယာအစိတ်အပိုင်းများလည်း အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့ နယ်မြေခံတပ်ရင်းသို့ သွားရောက်ကြပြီး အောင်ဆန်းခန်းမ၌ နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့်လက်တွဲကာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေးတို့ကို အကျယ်တဝင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်းအတွင်း စိုက်ပျိုးထားသည့် စပါးခင်းများ၊ ဟင်းသီးဟင်းရွက်စိုက်ခင်းများနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့ အကြိုတော်ဆိပ်ကမ်းမှတစ်ဆင့် ယာဉ်ငယ်များဖြင့် လမ်းသမိုင်ချောင်းတစ်လျှောက် ဉယျာဉ်ခြံမြေလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ ဝါးခယ်မမြို့နယ် ဘိုးဘေးအညာစုကျေးရွာသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက်ရှိ မိုးစပါးများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုနှင့် ရိတ်သိမ်းရန်အသင့်ဖြစ်နေသော စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဝါးခယ်မမြို့သို့ ရောက်ရှိကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဝါးခယ်မမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမြင့်က မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များ၊ မိုးစပါးနှင့် နွေစပါး စိုက်ပျိုးမှုတို့နှင့် ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခြေအနေများကို မေးမြန်းပြီး နိုင်ငံတော်က ချမှတ်ပေးထားသည့် စီမံကိန်းရည်မှန်းချက်များ ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ကြရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် အောင်မြင်ရေးအတွက် အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ကြရေး၊ ဒေသဖွံ့ဖြိုးရေး၊ မြို့ရွာသာယာလှပရေးလုပ်ငန်းများတွင် ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရေးမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဝါးခယ်မမြို့အထွက်ရှိ မြို့ဝင်မြို့ထွက် ဧက ၄၀၀ စံပြစိုက်ကွင်းသို့ ရောက်ရှိကြပြီး ကြည့်ရှုစစ်ဆေးရာ မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးထွန်းအောင်ကျော်က လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဝါးခယ်မ-ရွှေလောင်းကားလမ်းရှိ ကြခတ်ကုန်းကျေးရွာအနီးသို့ရောက်ရှိကြပြီး နွေစပါးစိုက်ပျိုးရန် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရွှေလောင်းကျွန်းမြောင်းမကြီးကို စက်ယန္တရားကြီးများဖြင့် ပြန်လည်တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တိုင်းဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင့်ဆန်းက လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ မြောင်းမကြီးသည် ဝါးခယ်မ-ရွှေလောင်း ကားလမ်းဘေး ထော်တာနော့ကျေးရွာမှ ထုံးဘိုကျေးရွာအထိ ၁၅မိုင်ရှည်လျားပြီး ရွှေလောင်းကျွန်းရှိ လယ်မြေဧက တစ်သောင်းကို နွေစပါးစိုက်ပျိုးရေးရာသီတွင် ရေလုံလုံလောက်လောက် ပေးဝေနိုင်ရန် ပြန်လည်တူးဖော်နေခြင်းဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဝါးခယ်မ-ပုသိမ်လမ်း၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်လျက်ရှိသော ကျွန်းကုန်းတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တာဝန်ခံအင်ဂျင်နီယာ ဒေါ်သိန်းနုက ကျွန်းကုန်းတံတားဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းလျာထားချက်နှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးတင်မောင်လှနှင့် တိုင်းအင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်တို့က တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး တံတားကြီးကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီစွာဖြင့် ပြီးစီးအောင်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရန် ဂရုပြုဆောင်ရွက်သွားကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တံတားကမ်းကပ်ခုံ တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ပုသိမ်-ကံကလေး-ကျုံခနောင်-ရွှေလောင်း-ဝါးခယ်မ မူလလမ်းဟောင်းရှိ ကားလမ်းသည် ၈၂မိုင်ရှိပြီး ကျွန်းကုန်းတံတား တည်ဆောက်ပြီးစီး၍ ပုသိမ်-ကံကုန်း-မြင်းကဆိပ်-ကျွန်းကုန်း-ဝါးခယ်မလမ်းသစ်ကိုအသုံးပြုပါက ပုသိမ်-ဝါးခယ်မခရီးသည် ၅၅မိုင်သာရှိတော့မည်ဖြစ်ကာ ခရီးမိုင် ၂၇မိုင်တိုတောင်းသွား၍ ဒေသခံပြည်သူများအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုတည်ဆောက်လျက်ရှိသော ကျွန်းကုန်းတံတားမှာ ဝါးခယ်မမြို့နယ်နှင့် အိမ်မဲမြို့နယ်အကြား၌ ပြန်မလော့မြစ်ကို ဖြတ်ကျော်တည်ဆောက်နေသော တံတားတစ်စင်းဖြစ်ပြီး အပေါ်ကိုယ်ထည်မှာ ဘေလီသံပေါင်ကြိုးတံတားအမျိုးအစားဖြစ်သည်။ တံတားအရှည်မှာ ပင်မတံတား ပေ ၅၀၀၊ မြေသားချဉ်းကပ်လမ်းမှာ ဝါးခယ်မဘက်ကမ်း၌ ပေ ၁၀၀၀နှင့် အိမ်မဲဘက်ကမ်း၌ ပေ ၈၀၀ရှိပြီး ၁၁ပေ ၃လက်မ အကျယ်တစ်လမ်းသွား တည်ဆောက်သွားမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြောင်းမြမြို့နယ် လပွတ္တာ-မြောင်းမြ-အိမ်မဲ-ကျောင်းကုန်း-ကျုံပျော်လမ်း၌ တည်ဆောက်လျက်ရှိသည့် ကံကြီးတံတားတည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြောင်းမြခရိုင် အင်ဂျင်နီယာဦးမြင့်ဦးက တံတားစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တာဝန်ရှိသူများအား လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ကာလအမီ လုပ်ငန်းများပြီးစီးရေး၊ စံချိန်စံညွှန်းကိုက်ညီရေးတို့ကို မှာကြားသည်။

အဆိုပါ ကံကြီးတံတားသည် လပွတ္တာ-မြောင်းမြ-အိမ်မဲ-ကျောင်းကုန်း-ကျုံပျော်လမ်းပိုင်း၌ ခိုင်ခံ့မှုအားနည်းနေသည့် သစ်သားတံတားအစား ကွန်ကရစ်တံတားအဖြစ် အရှည်ပေ ၂၀၀၊ အကျယ် ၂၄ပေ တည်ဆောက်သွားမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့သို့ ရောက်ရှိကြပြီး ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ရွှေပြည်သာရေနံနှင့် သဘာဝဓာတ်ငွေ့မြေ ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး မြန်အောင်မြို့နယ် ရွှေပြည်သာရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ တွင်းအမှတ်(၅၉)ကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ရန်ကုန် နိုဝင်ဘာ ၂၀

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် နိုဝင်ဘာ ၁၈ရက်တွင် ဧရာဝတီတိုင်း မြန်အောင်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရွှေပြည်သာရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ ရောက်ရှိရာ ရေနံမြေ ရှင်းလင်းခန်းမဆောင်၌ အထွေထွေမန်နေဂျာနှင့် ဌာနမှူးများက တွင်းသစ်အမှတ်(၅၉)၏ ရေနံတူးဖော်ထုတ်လုပ်ရရှိနေမှုများနှင့် တိုးမြှင့်ထုတ်လုပ်ရရှိနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ကုန်းတွင်းပိုင်းရေနံမြေများမှ ရေနံအထွက်တိုးရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်နေရာ ရွှေပြည်သာရေနံနှင့် သဘာဝဓာတ်ငွေ့မြေအနေဖြင့် အဆင့်အတန်းအားလုံး၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် သဘာဝအလျောက် အထွက်နှုန်းကျဆင်းလာမှု (Natural Decline)ကို ထိန်းထားနိုင်မှုအတွက် အသိအမှတ်ပြုပါကြောင်းနှင့် လုပ်ငန်းလိုအပ်ချက်များကို မေးမြန်းဆွေးနွေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် တွင်းသစ်အမှတ်(၅၉)ကို အောင်မြင်စွာ တူးဖော်ခဲ့ကြသော ကြီးကြပ်ရေးအင်ဂျင်နီယာနှင့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများကိုပေးအပ်ပြီး အဆိုပါတွင်းမှ ရေနံထွက်ရှိနေမှုနှင့် တွင်းသစ်အမှတ်(၆၀) တူးဖော်ရန် ပြင်ဆင်နေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ရွှေပြည်သာရေနံနှင့် သဘာဝဓာတ်ငွေ့မြေအနေဖြင့် လျာထားချက်ထက် ကျော်လွန်၍ တွင်းပေါင်း ၁၂တွင်းမှ နေ့စဉ် ရေနံ ၄၁၅ စည်ခန့် ထုတ်လုပ်လျက်ရှိကြောင်း သိရှိရသည်။

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၁၉ ရက်တွင် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၉၆၀)အင်္ဂပူမြို့၊ အရောင်းဆိုင်အမှတ်(၀၁၇၂)ဟင်္သာတမြို့များသို့ သွားရောက်၍ စက်သုံးဆီဖြန့်ဖြူးရောင်းချနေမှု၊ သိုလှောင်ထားရှိမှု၊ စာရင်းဇယားများ ကိုက်ညီမှန်ကန်မှု ရှိ၊ မရှိ၊ အချိန်အတွယ်မှန်ကန်မှု ရှိ၊မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူ့ဝန်ထမ်းကောင်းများပီပီ ပြည်သူများအပေါ် ပြည့်စုံကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်ရေး၊ ဝန်ကြီးဌာန၏ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လက်ထောက်မန်နေဂျာများ လုပ်ငန်းခွင်ဝင်သင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)က ကြီးမှူး၍ လက်ထောက်မန်နေဂျာများ လုပ်ငန်းခွင်ဝင် သင်တန်းအမှတ်စဉ်(၁/၂၀၀၆) ဖွင့်ပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းကာလ

အဆိုပါ သင်တန်းသို့ လက်ထောက်မန်နေဂျာ ၁၅ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရား (၉၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၀

ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရားကြီး၏ (၉၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ၊ ဂြိုဟ်ရှစ်ခွင်နှင့် ဘုရားပူဇော်နိုင်ရန် တည်ထားပြီးစီးခြင်း အောင်မြင်မှုရေစက်ချပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၂၈ရက်မှ ဒီဇင်ဘာ ၄ရက်အထိ ဓမ္မပူဇာသဘင်များဖြင့် စည်ကားစွာ ကျင်းပမည်ဖြစ်သည်။

အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကို နိုဝင်ဘာ ၂၈ရက်မှ ဒီဇင်ဘာ ၂ရက်အထိလည်းကောင်း၊ ဒီဇင်ဘာ ၄ရက် နံနက် ၄နာရီတွင် ဗုဒ္ဓါဘိသေက အနေကဇာတင် အရဟံဆွမ်းဆက်ကပ်လှူဒါန်းပြီး နံနက် ၁၀နာရီတွင် ဂြိုဟ်ရှစ်ခွင်နှင့် ဘုရားပူဇော်နိုင်ရန် တည်ထားပြီးစီးခြင်းအောင်မြင်မှု ရေစက်ချပွဲနှင့် ညနေ ၃နာရီတွင် ဘုရားအမှူးပြုသော ပင့်သံဃာ ၁၂၉ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းပွဲများ ကျင်းပမည့်အပြင် ညစဉ် ဆီမီး ၃၀၀၀ ထွန်းညှိပူဇော်ပြီး ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်မည်ဖြစ်သည်။

လှူဒါန်းနိုင်

ဓမ္မပူဇာအဖြစ် ဒီဇင်ဘာ ၂ ရက်တွင် ပုလဲမြို့သစ် ဓမ္မဂုဏ်ရောင်ဆရာတော် အရှင်တေဇိန္ဒနှင့် ဒီဇင်ဘာ ၃ ရက်တွင် ယောဆရာတော် သီရိန္ဒာဘိဝံသ ဆရာတော် အရှင်သူမြတ်တို့က ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ပွဲတော်ကျင်းပရေးကော်မတီ ဖုန်း-၅၄၁၆၈၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

တာချီလိတ်မြို့နယ် မူးယစ်တပ်ဖွဲ့က စိတ်ကြွရူးသွပ်ဆေးပြားများ၊ လက်နက်ငယ်နှစ်လက်၊ လက်ပစ်ဗုံးတစ်လုံးနှင့် မူးယစ်တရားခံပြေးတစ်ဦးအား ဖမ်းဆီးရမိ

ရန်ကုန် နိုဝင်ဘာ ၂၀

နိုဝင်ဘာ ၁၉ရက် မွန်းလွဲပိုင်းတွင် တာချီလိတ်မြို့နယ် မိုင်းဖုန်း (က)အုပ်စု ပါဆာရွာအထက် မိုင်ဝက်ခန့်အကွာရှိ မဲခေါင်မြစ်ကမ်းခြေမှ စိတ်ကြွရူးသွပ်ဆေးပြားများ၊ လက်နက်ငယ်နှစ်လက်၊ လက်ပစ်ဗုံးတစ်လုံးနှင့် မူးယစ်တရားခံပြေးတစ်ဦးအား တာချီလိတ်မြို့နယ် မူးယစ်တပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့နယ် မူးယစ်တပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင် ခြောက်ဦးနှင့် မိုင်းဖုန်း ပြည်သူ့စစ်တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း မူးယစ်ဆေးဝါး ဖြတ်သန်းသယ်ယူမှုများကို သတင်းဖော်ထုတ်ရှင်းလင်းရန် မဲခေါင်မြစ်ကြောင်းတစ်လျှောက် ကင်းလှည့်စောင့်ကြပ်စဉ် ပါဆာရွာအထက် မိုင်ဝက်ခန့်ရှိ မဲခေါင်မြစ်ကမ်းခြေ၌ ယာယီတဲနှစ်လုံးနှင့် စက်လှေတစ်စီးတို့ကို တွေ့ရှိခဲ့ကြောင်း၊ တဲအနီးသို့ ရှင်းလင်းချီတက်စဉ် တဲအတွင်းမှ လက်နက်ကိုင်လူခြောက်ဦးက လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်ခဲ့ကြောင်း၊ မိမိပူးပေါင်းအဖွဲ့မှ ပြန်လည်ပစ်ခတ်မှုကြောင့် တဲအတွင်းမှ လက်နက်ကိုင်များ အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားပြီး တရားခံတစ်ဦးအား အမ်(၇၉)တစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါ ဖမ်းဆီးရမိတရားခံမှာ အောက်တိုဘာ ၁၁ရက်က ဝမ်ကျောက်လုံကျေးရွာသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ဝင်ရောက်ရှင်းလင်းစဉ် စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်မှ ထွက်ပြေးနေသော တရားခံပြေး အိုက်မြင့် အသက်(၃၄)နှစ်ဆိုသူဖြစ်ပြီး ထွက်ပြေးလွတ်မြောက်သွားသူ တရားခံငါးဦးမှာ ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၀၆ ခုနှစ် ဧပြီ ၃၀ ရက်အတွင်း တာချီလိတ်နယ်မြေအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်စဉ် ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါး တန်ဖိုး မြန်မာကျပ်ငွေ ၁၂၅ ဒသမ ၄ ဘီလီယံနှင့် လက်နက်မျိုးစုံ ၁၉၈လက် သိမ်းဆည်းရမိခဲ့သည့် ဖြစ်စဉ်မှ ထွက်ပြေးနေသော တရားခံပြေး စိုင်းနော်ခမ်းနှင့် ဇနီး တီးနော အပါအဝင် ငါးဦးတို့ဖြစ်ကြောင်း။

ပစ်ခတ်မှုဖြစ်ပွားသည့် နေရာတစ်ဝိုက်အား ရှင်းလင်းရှာဖွေရာ အမ်(၂၂)မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ၅ ဒသမ ၅၆ ကျည် ၃၅တောင့်၊ တရုတ်လက်ပစ်ဗုံးတစ်လုံးနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၅၀ ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း။

ထွက်ပြေး လွတ်မြောက်သွားသည့် တရားခံငါးဦးနောက်သို့ နယ်မြေခံစစ်ကြောင်းက လိုက်လံရှင်းလင်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးခြောက်ထပ်တိုးချဲ့ဆေးရုံ အဆောက်အအုံသစ် အုတ်မြစ်စီမင်္ဂလာကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ခြောက်ထပ် တိုးချဲ့ဆေးရုံ အဆောက်အအုံသစ် အုတ်မြစ်စီမင်္ဂလာနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အဆိုပါ ဆေးရုံကြီးဝင်း၌ ကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယကများ၊ ဥက္ကဋ္ဌ ဦးမောင်တင်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သီလရှင်ဆေးရုံကြီးကြပ်ရေး အမျိုးသမီး အဖွဲ့နာယကများ၊ ဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်နှင့် အဖွဲ့ဝင်များ၊ စေတနာရှင် အထူးကုဆရာဝန်ကြီးများနှင့် အလှူရှင်များ တက်ရောက်ကြပြီး မင်္ဂလာအချိန်တွင် ရွှေကြုတ်မြှုပ်ခြင်း၊ အုတ်မြစ်စီခြင်းနှင့် ပန္နက်တင်ခြင်း အခမ်းအနားကို တက်ရောက်လာကြသူများက တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပကြသည်။

အဆိုပါ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ခြောက်ထပ် တိုးချဲ့ဆေးရုံ အဆောက်အအုံသစ်အတွက် လှူဒါန်းလိုသူများသည် ဆေးရုံကြီးအလှူခံဌာနသို့ နံနက် ၈နာရီမှ ညနေ ၄နာရီအတွင်း ပိတ်ရက်မရှိ လာရောက် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စမ်းချောင်း ပဏ္ဍိတလမ်း ဓမ္မပူဇာသဘင်

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက် ပဏ္ဍိတလမ်း မိသားစုများ၏ တတိယအကြိမ် အထူးဓမ္မပူဇာသဘင်တရားပွဲကို ညစဉ် ၇နာရီမှစ၍ ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ ၂၄ ရက်တွင် ဒေါက်တာကောဝိဒ(မဇ္ဈိမဂုဏ်ရည်ဆရာတော်)၊ နိုဝင်ဘာ ၂၅ ရက်တွင် အရှင်သုခေမိက (ဓမ္မစေတီ စာသင်တိုက် ဆရာတော်)၊ နိုဝင်ဘာ ၂၆ရက်တွင် အရှင်ဝီရိယ(ဓမ္မဘောရီဆရာတော်)၊ တောင်စွန်း၊ နိုဝင်ဘာ ၂၇ ရက်တွင် အရှင်သုစိတ္တ (နေနတ်သား စာသင်တိုက်ဆရာတော်)နှင့် နိုဝင်ဘာ ၂၈ ရက်တွင်အရှင်ဝိမလ (ဓမ္မဒူတဆရာတော် တောင်စွန်း) ဆရာတော်တို့က ဟောကြားကြမည်ဖြစ်ကြောင်း သိရသည်။ (၄၃)

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းထွဋ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ တပ်ရင်းမှူး ဦးခင်မောင်ထွန်းနှင့်တပ်ဖွဲ့ တပ်ခွဲမှူးများနှင့် တပ်ဖွဲ့ဝင်များ၊ (င/က) ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့် အဖွဲ့ဝင်များ ပူးပေါင်းပါဝင်သော အဖွဲ့ နိုဝင်ဘာ ၁၁ ရက်က (င/က) ရပ်ကွက် လူနေအိမ်များ၊ စက်ရုံအလုပ်ရုံများနှင့် ပန်းရိုက်လမ်း လူသုံးကုန်ပစ္စည်းစက်ရုံ၌ မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးကြစဉ်။ (၅၀၆)

ဒိုင်လူကြီး အနီကတ်များပြသမှု ဘလက်ဘန်းနှင့်စပါး အယူခံဝင်

လန်ဒန် နိုဝင်ဘာ ၂၀

ယမန်နေ့ အိခ်ဝုဒ်ပါ့ခ်ကွင်း၌ ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ဒိုင်လူကြီး ဖီးလ်ဒေါ်ဒ်က အနီကတ်များ ပြသခဲ့ခြင်းနှင့် ပတ်သက်၍ ဘလက်ဘန်းရိုဗာအသင်းနှင့် တော့တင်ဟမ် ဟော့စပါးအသင်း နှစ်သင်းစလုံးတို့က အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ) ထံ အယူခံဝင်ထားကြောင်း ယနေ့ အင်တာနက် သတင်းတွင် ဖော်ပြသည်။

တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ကြသော ယင်းပွဲတွင် ဘလက်ဘန်းအသင်းမှ တူဂေးအား ပွဲချိန်မိနစ် ၆၀ တွင် ဒိုင်လူကြီးက တိုက်ရိုက်အနီကတ်ပြကာ ထုတ်ပယ်ခဲ့သည်။ စပါးအသင်းမှ အီဂျစ်လူမျိုး ကွင်းလယ်ကစားသမား ဟော်ဆန်ဂါလီကိုလည်း ပွဲချိန်မိနစ် ၉၀ တွင် ထုတ်ပယ်ခဲ့သည်။ ထိခိုက်ဒဏ်ရာရလေလွှင့်အစားဖြည့် အချိန်ပိုတွင် ဘလက်ဘန်းအသင်းမှ မိုက်ကယ်ဂရေးအား တံတောင်ဖြင့် တွန်းတိုက်ဖွယ်ရှိမှုဖြင့် ဂါလီအား ထုတ်ပယ်ခြင်းဖြစ်သည်။

စပါးအသင်းနှင့် ဘလက်ဘန်းအသင်းတို့မှ နည်းပြများသည် ဒိုင်လူကြီး၏ ဆောင်ရွက်ချက်နှင့် ပတ်သက်၍ ပြင်းပြင်းထန်ထန် ဝေဖန်ပြောဆိုခဲ့ကြသော်လည်း ၎င်းတို့ကို အက်ဖ်အေက စည်းကမ်းထိန်းသိမ်းရေး အရေးယူဖွယ်မရှိကြောင်း သတင်းတွင် ဖော်ပြသည်။ ***အင်တာနက်***

အင်တာနက် အားကစား သတင်းများ

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ၌ ဟော်ဆန်ဂါလီအား ထုတ်ပယ်မှုအတွက် စပါးအသင်းမှ နည်းပြ မာတင်ဂျိုးလ် ဒိုင်လူကြီးအား စောဒကတက်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗလင်စီယာအသင်းမှ အီဒူး ဒုတိယအကြိမ် ထိခိုက်ဒဏ်ရာရ



စပိန် လာလီဂါဘောလုံးပြိုင်ပွဲဝင် ဗလင်စီယာအသင်းမှ ကွင်းလယ်ကစားသမား အီဒူးအား ထိခိုက်ဒဏ်ရာရပြီးနောက် ထမ်းစင်ဖြင့် ခေါ်ထုတ်သွားသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မဒရစ် နိုဝင်ဘာ ၂၀

ဗလင်စီယာအသင်းမှ ဘရာဇီးလူမျိုး ကွင်းလယ်ကစားသမား အီဒူးသည် တစ်နှစ်သာသာမျှသာ ကြာမြင့်သည့်ကာလအတွင်း ဒုတိယအကြိမ် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ခြောက်လတာမျှ ဘောလုံးကစားနိုင်မည် မဟုတ်သော်လည်း စိတ်ဓာတ်ကျခြင်းမရှိကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

နိုဝင်ဘာ ၁၈ရက်က ကျင်းပသည့် စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ၌ ဆီဗီလာအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲတွင် အာဆင်နယ်ဘောလုံးသမားဟောင်း အီဒူး ၎င်း၏ညာဘက်ဒူးခေါင်း၏ အရွတ်၌ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အီဒူးသည် လွန်ခဲ့သည့် ဘောလုံးရာသီကလည်း ၎င်း၏ဝဲဘက် ဒူးခေါင်း၏အရွတ်၌ အလားတူ ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ခုနစ်လကြာမျှ အနားယူခဲ့သည်။

ထိခိုက်ဒဏ်ရာရသည့် ညနေပိုင်းက မိမိစိတ်လှုပ်ရှားမိသော်လည်း နောက်တစ်နေ့ နံနက်မှစ၍ မိမိစိတ်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ မိမိသည် စိတ်ဓာတ်ကျဆင်းခြင်းမရှိတော့ဘဲ ခွဲစိတ်ကုသမှု ခံယူရန်နှင့် အမြန်ဆုံးနာလန်ထူလာရေးကြိုးပမ်းရန်သာ အာရုံစိုက်တော့ကြောင်း အီဒူးက ပြောကြားသည်။ ***အင်တာနက်***

အာဆင်နယ်နောက်တန်းလူ ဂေါလက်စ် ဒဏ်ရာရ

လန်ဒန် နိုဝင်ဘာ ၂၀

အာဆင်နယ် အသင်း၏ နောက်တန်းလူ ဝီလျံဂေါလက်စ်သည် ယနေ့ လေ့ကျင့်ရေးကွင်း၌ ကစားစဉ်အတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းသည် ရက်သတ္တပတ်အနည်းငယ်မျှ အနားယူရလိမ့်မည် ဖြစ်ကြောင်း နည်းပြ အာဆင်ဝင်းဂါးက ယနေ့ ပြောကြားသည်။

အာဆင်နယ်အသင်းသည် နိုဝင်ဘာ ၂၁ ရက်တွင် အိမ်ကွင်း၌ ကျင်းပမည့် ချန်ပီယံလိဂ် အုပ်စု(ဆ) ဘောလုံးပြိုင်ပွဲတွင် ဟမ်းဘတ်ဂ် အက်စ်ဗွီအသင်းနှင့် ယှဉ်ပြိုင်ကစားရန်ရှိနေသည်။ ဝီလျံဂေါလက်စ် ထိခိုက်ဒဏ်ရာရရှိခြင်းသည် မိမိတို့အသင်းအတွက် အားနည်းချက်တစ်ရပ်ဖြစ်ရကြောင်း အာဆင်ဝင်းဂါးက ပြောကြားသည်။ အာဆင်နယ်အသင်းသည် ဟမ်းဘတ်ဂ်အသင်းကို အဝေးကွင်းတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်အသင်းသည်စီအက်စ်ကေအေ မော်စကိုအသင်းနှင့် နှစ်ပွဲကစားခဲ့ရာတွင်မူ တစ်မှတ်သာရရှိခဲ့သည်။

အမှတ်တူ

အာဆင်နယ်အသင်းသည် အုပ်စု(ဆ) တွင် ခုနစ်မှတ်ရရှိထားကာ ပေါ်တိုအသင်းနှင့် အမှတ်တူ ရပ်တည်လျက်ရှိသည်။ ***အင်တာနက်***

ဒဂုံမြို့နယ်တွင် ကားမီးလောင်မှုဖြစ်ပွား

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန်တိုင်း ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းနှင့် ယောမင်းကြီးလမ်းထောင့်၌ Mr. Mukun Guo ပိုင် ဒေဝူးစလွန်းကားသည် နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မောင်းနှင်နေစဉ် ဝါယာရှော့ဖြစ်ပွားရာမှ ဆီတိုင်ကီသို့ ကူးစက်၍ မီးလောင်မှုဖြစ်ပွားသည်။ မီးလောင်မှုကြောင့် ကားထိုင်ခုံများ၊ ဝါယာကြိုးနှင့် တာယာနှစ်လုံး မီးလောင်ခံရပြီး ငွေကျပ်သုံးသိန်းဖိုးခန့် ဆုံးရှုံးသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တပ်မတော်ရိက္ခာအတွက် စပါးဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။၂၀၀၇-၂၀၀၈ခုနှစ် တပ်မတော်ရိက္ခာအတွက် ဧည့်မထအမျိုးအစားစပါးကို ပြည်နယ်နှင့်တိုင်းအလိုက် တင်ဒါစနစ်ဖြင့် အောက်ပါနေရာများ၌ ဝယ်ယူမည်ဖြစ်ပါသည်။

(က)ကချင်ပြည်နယ်
(၁)ပူတာအို
(၂)မြစ်ကြီးနား
(၃)ဝိုင်းမော်
(၄)နမ္မတီး
(၅)ဆားမော်
(၆)ဟိုပင်
(၇)မိုးညှင်း
(၈)မိုးမိတ်
(၉)မဘိမ်း
(၁၀)ဗန်းမော်
(၁၁)မြို့သစ်
(၁၂)ရွှေကူ

(ခ)ရှမ်းပြည်နယ်(အရှေ့)
(၁)ကျိုင်းတုံ
(၂)မိုင်းပြင်း
(၃)မိုင်းခတ်
(၄)မိုင်းယောင်း
(၅)မိုင်းဖြတ်
(၆)တာချီလိတ်
(၇)မိုင်းဆတ်

(ဂ)မွန်ပြည်နယ်
(၁)မော်လမြိုင်
(၂)သထုံ
(၃)ပေါင်

(ဃ)ရန်ကုန်တိုင်း
(၁)သန်လျင်
(၂)ခရမ်း
(၃)လှည်းကူး
(၄)တိုက်ကြီး
(၅)ထန်းတပင်

(င)ဧရာဝတီတိုင်း
(၁)ပုသိမ်
(၂)မအူပင်
(၃)ကျိုက်လတ်
(၄)အိမ်မဲ
(၅)မြောင်းမြ
(၆)မော်လမြိုင်ကျွန်း
(၇)ဓနုဖြူ
(၈)ကျုံပျော်
(၉)ဟင်္သာတ
(၁၀)မြန်အောင်
(၁၁)အင်္ဂပူ

(စ)ရခိုင်ပြည်နယ်
(၁)အမ်း
(၂)ကျောက်တော်
(၃)ရမ်းဗြဲ
(၄)မြောက်ဦး
(၅)မင်းပြား
(၆)ရသေ့တောင်
(၇)ပုဏ္ဏားကျွန်း
(၈)ပေါက်တော
(၉)ကျောက်ဖြူ
(၁၀)တောင်ကုတ်

(ဆ)စစ်ကိုင်းတိုင်း
(၁)ရွှေဘို
(၂)ဝက်လက်
(၃)ဒီပဲယင်း
(၄)ရေဦး
(၅)တန့်ဆည်
(၆)ခင်ဦး
(၇)ကန့်ဘလူ
(၈)ကောလင်း
(၉)ဝန်းသို
(၁၀)ကသာ
(၁၁)ထီးချိုင့်
(၁၂)ကလေး

(ဇ)မကွေးတိုင်း၊ ဂန့်ဂေါ

(ဈ)မန္တလေးတိုင်း
(၁)တပ်ကုန်း
(၂)ပျဉ်းမနား
(၃)လယ်ဝေး

(ည)ပဲခူးတိုင်း(အရှေ့)
(၁)ရေတာရှည်
(၂)တောင်ငူ
(၃)အုတ်တွင်း
(၄)ဖြူး
(၅)ကျောက်တံခါး
(၆)ညောင်လေးပင်
(၇)ဒိုက်ဦး

(ဋ)ပဲခူးတိုင်း(အနောက်)
(၁)ပြည်
(၂)ရွှေတောင်
(၃)နတ္တလင်း
(၄)ဇီးကုန်း
(၅)ကြို့ပင်ကောက်
(၆)မင်းလှ
(၇)လက်ပံတန်း
(၈)သာယာဝတီ

၂။ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့)တို့တွင် ၂၀၀၆ခုနှစ် ဒီဇင်ဘာလ(၁)ရက်နေ့မှစ၍ ဝယ်ယူမည်ဖြစ်ပြီး ကျန်ပြည်နယ်နှင့်တိုင်းများတွင် ၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှစ၍ ဝယ်ယူမည်ဖြစ်ပါသည်။

၃။ပေးသွင်းရမည့်စပါးအရေအတွက်၊ စပါးအရည်အသွေးသတ်မှတ်ချက်၊ ပေးသွင်းရမည့်နေရာ၊ ပေးသွင်းရမည့်ကာလ စသည့် အသေးစိတ်အချက်အလက်များနှင့် တင်ဒါပုံစံတို့အား အထက်ပါနေရာများရှိ တိုင်းစစ်ဌာနချုပ်များ၊ ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်းများနှင့် တပ်ရင်း၊ တပ်ဖွဲ့များတွင် စုံစမ်းနိုင်ပါသည်။

၄။ကိုယ်တိုင်စပါးစိုက်ပျိုးထုတ်လုပ်ပြီး တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊ စပါးတင်း(၁၀၀)နှင့်အထက် ရောင်းချပေးသွင်းနိုင်သည့် တောင်သူများအနေဖြင့် အထက်ပါနေရာများ၌ ဧည့်မထအမျိုးအစားစပါးကို ဒေသန္တရဈေးနှုန်းအရ လက်ငင်းငွေပေးချေသည့်စနစ်ဖြင့် ရောင်းချပေးသွင်းနိုင်ပါသည်။

စစ်ထောက်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန

မြန်မာ့ရုပ်ရှင်သက်ကြီးရန်ပုံငွေပဒေသာကပွဲကြီး

ဒါရိုက်တာ

(၂၄) (၂၅) (၂၆) - နိုဝင်ဘာလ - ၂၀၀၆

ဝင်ကြေး - ၁၀၀၀၀/၇၀၀၀/၅၀၀၀/၃၀၀၀

WORLD

Economic Journal

ဝယ်လိုသည်။

☎ : 548209

ကျေးဇူးဆပ်ပါမည်

Ph-210433

ကျေးဇူးဆပ်ပါမည်

Ph-610790

3 in 1 Certificate

B. IT. E

(Business, Information Technology and English)

NLEC

Phone: 01 250225, 095116424 Fax: 01 250150

Email:info@nawarat.org Website: www.nawarat.org

အမျိုးသမီးဝန်ထမ်းအလိုရှိသည်။

Treasure Star Gems & Jewellery Co., Ltd

(၁) Accountant

(၂) Receptionist

(၃) Office Staff

(၄) Secretary

(၅) Jewellery Designer

(၆) Sale Promoter

ဝန်ထမ်းအလိုရှိသည်

၁။ Site Engineer (ကျား) ၁၀ - ဦး

- [A.G.T.I, B.Tech, BE (Civil)]

- အသက် (၂၅) နှစ်မှ (၄၀) နှစ်အတွင်းဖြစ်ရမည်။

တာကောင်အွားကုမ္ပဏီလီမိတက်

ဖွန်ဆီ

01-384651

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်လမ်းဖောက်လုပ်ရေးလုပ်ငန်းနှင့် ခြံစည်းရိုးကြက်ဆူပင်နှင့် အခြားသီးနှံများအောင်မြင်ဖြစ်ထွန်းမှု စစ်ဆေး

ပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းခုတ်မြို့ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ အတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြအောင်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ နိုဝင်ဘာ ၁၈ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့မှ မော်တော်ယာဉ်များဖြင့် ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်လမ်းအတိုင်း ထွက်ခွာလာပြီး မိုင်းခွန်ရှိ နယ်မြေခံတပ်များမှ ခြံစည်းရိုး ကြက်ဆူပင်များစိုက်ပျိုးထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝလောင်စာဆီ၊ စက်သုံးဆီ ထုတ်လုပ်နိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူးနှင့်အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်လမ်း၌ကျောက်များခင်းပြီးမှု၊ လမ်းအကျယ်များတိုးချဲ့ထားရှိမှု၊ ရေပြွန်များ၊ တံတားများ၊ မြေထိန်းနံရံများ တည်ဆောက်ပြီးစီးမှုနှင့် လမ်းဘေးဝဲယာတစ်လျှောက်၌ ရေနုတ်မြောင်းများ ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့နယ် နမ်အင်းကျေးရွာအုပ်စု အာမုဒေကျေးရွာရှိ ၂၅မိုင် ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးနှင့် အေးရှားဝေါ(လ်)ကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာဦးတင်မျိုးနိုင်တို့က ၇၄မိုင်ရှိ ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်လမ်းတစ်လျှောက် ကျောက်ခင်းလမ်း ၄၈မိုင်ခင်းပြီးမှု၊ ရေပြွန်များ၊တံတားများ၊ မြေထိန်းနံရံများ ဖောက်လုပ်တည်ဆောက်ပြီးစီးမှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ မိုးရာသီ၌ ရပ်ဆိုင်းထားခဲ့ရသော လမ်းလုပ်ငန်းများ ပြန်လည်လုပ်ဆောင်နိုင်သည့် အချိန်ကာလဖြစ်ကြောင်း၊ ယခုလမ်းကို လာမည့်နှစ် မိုးမကျမီ ကျောက်ခင်း အမာခံလမ်းအဖြစ် ပြီးစီးအောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✧

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အခြေခံအဆောက်အအုံများပံ့ပိုးဆောင်ရွက်ပေးနေ ဒေသခံပြည်သူများကလည်း မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့်ပူးပေါင်းဆောင်ရွက် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် တာဝန်အရသာမက စေတနာထား၍ ထိထိရောက်ရောက်ဆောင်ရွက်ပေး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မော်လမြိုင်ကျွန်းမြို့ မြတ်စက်မှုလက်မှု၏ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက် ထုတ်လုပ်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၀

ဧရာဝတီတိုင်း ဘိုကလေးမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နိုဝင်ဘာ ၁၈ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့ဆိပ်ကမ်းမှ ရေယာဉ်ဖြင့် ဘိုကလေးမြစ်တစ်လျှောက် ကုန်စည်ပို့ဆောင်ရေးနှင့် ခရီးသွားလာမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ နံနက် ၉နာရီတွင် မော်လမြိုင်ကျွန်းမြို့သို့ရောက်ရှိသည်။

တွေ့ဆုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်း မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က မြို့နယ်၏ဝမ်းစာစပါးဖူလုံမှုအခြေအနေ၊ မိုးစပါး၊နွေစပါးနှင့်ပဲမျိုးစုံသီးနှံများ စိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးအခြေအနေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်စီမံဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် တစ်နိုင်ငံလုံး အကြားအလပ်မရှိ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❍

(21-11)20.P65 1 1/7/32, 5:51 AM